မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သရက်-မင်းလှ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခင်က ရထားလမ်းခရီးမပေါက်ခဲ့သည့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်းအထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းတို့ကို ရထားလမ်းသစ်များ တိုးချဲ့ပေးနိုင်ခဲ့သဖြင့် ခရီးသွားလာခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းများကို ဆောင်ရွက်နိုင်ကြသကဲ့သို့ ရထားလမ်းဖြတ်သန်းသွားရာ မြို့၊ ရွာများမှ ဒေသခံပြည်သူများစွာအတွက်ပါ အကျိုးဖြစ်ထွန်းမှု ရရှိစေမည်။

နိုင်ငံတော်အကြီးအကဲက လူမှုစီးပွားရေးဘဝတိုးတက်ရေး ရထားလမ်းများဖောက်လုပ်ရန် လမ်းညွှန်

ပြည်ထောင်စုအတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ မဟာဗျူဟာကျကျ တည်ဆောက်ပေးထား

မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ဖွင့်လှစ်သည့် သရက်-မင်းလှ ရထားလမ်းသစ်ပေါ်ထွန်းလာ

ပြည်သူများအတွက် မြန်မြန်အသုံးပြုနိုင်စေရန် ဖောက်လုပ်ပြီးစီးသမျှလမ်းကို အပိုင်းလိုက်ဖွင့်လှစ်ပေးနေ

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အကျိုးရှိစွာအသုံးချလျက် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းဆောင်ရွက်

နေပြည်တော် မတ် ၁၄

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဖောက်လုပ်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ သရက်-မင်းလှ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် မကွေးတိုင်း မင်းလှမြို့ မင်းလှဘူတာဥပစာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံသည်။



သရက်-မင်းလှ ရထားလမ်းပိုင်းတွင် ရထား စတင်ပြေးဆွဲနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ✻

15-3 (01).pmd 1 3/15/2010, 3:45 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၅ ရက်)

နိုင်ငံတော်နှင့် စေတနာရှင်တို့ပါဝင်သည့် အလင်းအောင်ပွဲ

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိရာ လူ့ခန္ဓာကိုယ်တွင် အရေးကြီးဆုံးဖြစ်သည့် မျက်စိကျန်းမာရေးနှင့်ပတ်သက်၍ အထူးဂရုပြု ဆောင်ရွက်ပေးလျက်ရှိသည်။

မကြာမီက မျက်စိအထူးကုဆရာဝန်ကြီးများသည် ပြည်နယ်နှင့်တိုင်းရှိ မြို့နယ်၊ ကျေးရွာများအထိ ကွင်းဆင်းကုသပေးလျက်ရှိရာ ဖေဖော်ဝါရီလ ၁၀ရက်နေ့မှ ၁၂ရက်နေ့အထိ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပေါင်း ၅၃၇၀ကို ကွင်းဆင်းကုသပေးခဲ့သည်။

မျက်စိအထူးကုအဖွဲ့သည် ၂၀၀၀ ပြည့်နှစ်မှစ၍ ရခိုင်ပြည်နယ်တွင် သံတွဲ၊ ငပလီ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ စစ်တွေ၊ မင်းပြား၊ ဂွ၊ မြောက်ဦး စသည့်ဒေသတို့တွင် ကွင်းဆင်းကုသခဲ့သည်။

ရေ၊ မြေ၊ တော၊ တောင်များ မည်မျှပင်ကာဆီးနေပါစေ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦးတွင် ရောက်ရှိခဲ့သော မျက်စိအထူးကုအဖွဲ့သည် မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့် အနီးအနားကျေးရွာများမှ မျက်စိဝေဒနာရှင်များကို ကုသပေးခဲ့သည်။

ရခိုင်ပြည်နယ်သည် လူဦးရေ လေးသန်းခန့်ရှိရာ ခြောက်သောင်းခန့်သည် သွားလာလုပ်ကိုင်၍မရသော မျက်မမြင်ဖြစ်ပြီး ငါးသောင်းခန့်သည် အတွင်းတိမ်ဝေဒနာရှင်များဖြစ်ကြောင်း စစ်တမ်းများအရ သိရသည်။ ၂၀၀၀ပြည့်နှစ်မှစ၍ ၂၀၁၀ခုနှစ်အထိ ဆယ်စုနှစ်အတွင်း ရခိုင်ပြည်နယ်မှ အတွင်းတိမ်လူနာပေါင်း တစ်သောင်းကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ယခု အဆိုပါ အတွင်းတိမ်လူနာ ၁၁၅၁ဦးအား ခွဲစိတ်ပေးနိုင်ခဲ့ပြီး မွေးရာပါ အတွင်းတိမ် ကလေးငါးဦးကို မေ့ဆေးဆရာဝန်၏ အကူအညီဖြင့် အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ စေတနာရှင် အလှူဒါနပြုသူများ၏ ပါဝင်ကူညီမှုဖြင့် ရခိုင်ပြည်နယ် မြောက်ဦးဒေသအပါအဝင် နိုင်ငံတစ်ဝန်းမှ မျက်စိဝေဒနာရှင်များသည် စက္ခုအမှောင်ကို ဖယ်ရှားပြီး အလင်းတာတ်များရရှိလာကြရာ "အမြင်သန့်စွမ်း ဒို့အခွင့်အလမ်း ခရစ်နှစ် ၂၀၂၀ အရောက်လှမ်း" ဆောင်ပုဒ်အရ မျက်စိဝေဒနာရှင်များ လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၁၆-၃-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(ရတနသုတ်)** မေ့မှုဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (သံသရာ ထွက်မြောက်ကြောင်း)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ပြည်ပလာတာ)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (သအို)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song (14) တေးပဒေသာ
၁၂း၄၀	ဟာသကမ္ဘာ(၉)
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ-ဘောဂဗေဒ သင်ပြနည်း) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာ အလှကမ္ဘာ (အလှဆင်ယင်ခြင်း အနုပညာ)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၃၁)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ တက္ကသိုလ်ဆရာတစ်ဦး မှာဖူးသည့် နှုတ်ရည် ၂။ သံတူကြောင်းကွဲစကားလုံးများနှင့် အသုံးအနှုန်းအဘိဓာန်ပထမတွဲ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (ပါရမီဖြည့်ဖက်သော်မှ)
၁၉း၃၀	သူ့ခေတ်သူ့အခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	တေးစီးရီး (မောင့်ငယ်ဖော်ကို လွမ်းတဲ့ည-ကိုင်ဇာ) စီးပွားရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ဖေဖော်ဝါရီ ၁၆ရက်က ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အလယ်ပိုင်းရပ်ကွက် သဇင်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာနိုင် ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးကျော်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန သင်တန်းများဆင်းပွဲ

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မတ် ၁၂ရက် နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပသည့် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၂၀)နှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၁၀) သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆင့်မြင့်အုပ်ချုပ်မှု သင်တန်း အမှတ်စဉ်(၂၀)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ သင်တန်းသား ၂၀၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၁၀ဦး စုစုပေါင်း ၃၀နှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၁၀)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ၁၅ဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ငါးဦး စုစုပေါင်း ၂၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် ဝန်ကြီးက အဆင့်မြင့် အုပ်ချုပ်မှုသင်တန်း၌ ထူးချွန်ဆုရရှိသူ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လက်ထောက်ဌာနမှူး ဦးသိန်းဆန်းနှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း၌ ထူးချွန်ဆုရရှိသူ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဒေါ်ငြိမ်းဇာဇာဌေးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြများဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အဆင့်မြင့် အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၂၀)နှင့် နိုင်ငံတကာဆက်ဆံရေး သင်တန်းအမှတ်စဉ်(၁၀) သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတကာဆက်ဆံရေး သင်တန်း၌ ထူးချွန်ဆုရရှိသော သင်တန်းသူ ဒေါ်ငြိမ်းဇာဇာဌေးက သင်တန်းတွင် ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အရာထမ်း၊ အမှုထမ်းများအား မီးဘေးပညာပေးဆွေးနွေး

နေပြည်တော် မတ် ၁၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၌ ရေးဆွဲထားရှိသော မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးစီမံချက်နှင့်အညီ အရာထမ်း၊ အမှုထမ်းများအား မီးဘေးအသိပညာတိုးပွားစေရန်နှင့် မီးသတ်ပစ္စည်းကိရိယာများကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဇဟိုမီးသတ်တပ်ဖွဲ့ (နေပြည်တော်) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မတ် ၁၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ၌ ရုံးအမှတ်(၁၇) စုပေါင်းခန်းမကြီးတွင် မီးဘေးပညာပေး ဆွေးနွေးပွဲနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြမှု အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအဖွဲ့မှူးက ဦးဆောင်၍ ရုံးအဖွဲ့၊ ဦးစီးဌာနများရှိ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ဇဟိုမီးသတ်တပ်ဖွဲ့ (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက မီးဘေးအသိပညာတိုးပွားစေရန်နှင့် မီးသတ်ပစ္စည်းကိရိယာများကို စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းဟောပြောခြင်း၊ တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးသုံးစွဲနည်း လက်တွေ့သရုပ်ပြခြင်းတို့ကို ပြုလုပ်ပြသကြသည်။ **(သတင်းစဉ်)**

(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား

ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ်(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားမောင်မယ်များက သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် ဖွင့်ပွဲနေ့သတ်မှတ်ထားသည့်ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖောင်ကြီး အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

ဖောင်ကြီးအထကတွင် ၁၉၆၅ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဖောင်ကြီးအထက၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမြတ်စိုး ဖုန်း-၆၂၆၁၁၇၊ ဦးမြင့်သန်း ဖုန်း-၆၂၆၁၈၁၊ ဦးထိန်လင်း ဖုန်း-၆၂၆၀၄၅နှင့် ဒေါ်ခင်ရွှေ ဖုန်း-၆၂၆၀၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၁၁ရက် ညနေ ၄နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာ အားကစားနည်းများ ပြန်လည်ဖော်ထုတ်ထိန်းသိမ်း ကမ္ဘာက သိသည်အထိ ပိုမိုကျယ်ပြန့်အောင် ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၁၀ခုနှစ် ဆင္ဒမအကြိမ်မြောက် အားကစား ဝန်ကြီးဌာန ဝန်ကြီးဖလား ခြင်းလုံး ခတ်ပြိုင်ပွဲနှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၁၄

၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီတွင် မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံ မန္တလေးတိုင်း အမျိုးသားအသင်းက ပထမဒိုင်းဆုကြီးကို ဝန်ကြီးထံ ပြန်လည်အပ်နှံသည်။

ဆက်လက်ကြိုးပမ်း

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရိုးရာအားကစားနည်းများ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် အခြေခံမူများနှင့် လုပ်ငန်းစဉ်များချမှတ်ကာ ဤပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာအားကစားကို နှစ်ခြိုက်ကြသည့် ပြည်သူများ၏ အားပေးမှုကို အပြည့်အဝရရှိခြင်းနှင့် ရိုးရာအားကစားအဖွဲ့ချုပ်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့တွင် ရိုးရာအားကစားနည်းများ ပြန့်ပွားထွန်းကားလျက်ရှိနေပြီဖြစ်ကြောင်း၊ ခြင်းလုံးခတ် ကစားနည်းသည် ကစားကွင်းဧရိယာ ကျဉ်းကျဉ်းတွင် ကုန်ကျစရိတ်နည်းနည်းဖြင့် လွယ်ကူစွာကစားနိုင်သည့်အတွက် အပေးအယူမျှတသောစိတ်၊ တစ်ဦးနှင့် တစ်ဦးချစ်ခင်ကြည်ဖြူသောစိတ်၊ တရားမျှတသော စိတ်ဓာတ်များကို ဖော်ဆောင်နိုင်ပြီး ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်သော အားကစားနည်း တစ်ရပ်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်၏ အားပေးပံ့ပိုး ချီးမြှောက်မှုများကြောင့် မြန်မာ့ရိုးရာ အားကစားနည်းများ ပြန်လည်ရှင်သန် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာကသိသည် အထိ ပိုမိုကျယ်ပြန့်လာအောင် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ မန္တလေးမြို့တော်ဝန်က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးနိုင်(အေးအေးခိုင် ကျောက်မျက်ရတနာကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယက ဒေါက်တာဦးဘိုကြီး(ရုပ်ပျိုတိုင်းရင်းဆေး)က ငွေကျပ်သိန်း ၃၀နှင့် ရိုင်ရယ်တီးမစ် ကုမ္ပဏီက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်ကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံသည်။

သရုပ်ပြဖျော်ဖြေ

ထို့နောက် ထပ်ဆင့် အကယ်ဒမီ စိန်မွှတ်တားဆိုင်းဝိုင်းက ရိုးရာခြင်းလုံးခတ် သီချင်းများဖြင့် သီဆိုဖျော်ဖြေ၍ အမျိုးသမီးတစ်ကိုယ်တော် စွမ်းရည်ပြခတ်ခြင်းနှင့် အမျိုးသားဝိုင်းဖွဲ့ အလှခတ်ခြင်းများဖြင့် သရုပ်ပြဖျော်ဖြေကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသားအလွတ်တန်း အလှခတ်ပြိုင်ပွဲ၊ အမျိုးသား တံခွန်စိုက်တန်း အမှတ်ခတ်ပြိုင်ပွဲ၊ အမျိုးသားအငယ်တန်း အမှတ်ခတ်ပြိုင်ပွဲ၊ အမျိုးသမီး တံခွန်စိုက်တန်း အမှတ်ခတ်ပြိုင်ပွဲများ ပါဝင်၍ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် အမျိုးသား လေးပေါက်တန်း၊ ရှစ်ပေါက်တန်းနှင့် အမျိုးသမီးလေးပေါက်တန်းပွဲစဉ်များကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ဝန်ကြီးဌာနအသင်းများနှင့် ကလပ်အသင်းများစုစုပေါင်း ၅၂သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကာလမှာ မတ် ၁၉ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်ဖြူကျွန်း အထက နှစ် (၉၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မတ် ၁၄

ဆင်ဖြူကျွန်းမြို့ အမျိုးသားကျောင်း ဆင်ဖြူကျွန်းအထက နှစ်(၉၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ဆင်ဖြူကျွန်း အထက ဒေသခံစာပေပညာရှင်များနှင့် ဝါသနာရှင်တို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) မှလည်း အကူအညီပေး ဆောင်ရွက်သွားမည်ဖြစ်၍ ကျောင်းကြီး၏ သမိုင်းကြောင်းဆိုင်ရာ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ စာညွှန်း၊ ဓာတ်ပုံနှင့် စာမူတို့ကို ဦးမောင်မောင်လင်း (အထွေထွေအတွင်းရေးမှူး)ဖုန်း-၀၉-၆၈၁၄၀၁၂၊ ၀၉-၅၅၀၀၂၆၆၊ ဦးခင်ထွန်း (အတွင်းရေးမှူး)ဖုန်း-၀၁-၇၃၀၀၁၅၅၂၊ ၀၉-၅၁၇၀၃၂၉နှင့် ဦးမြင့်ဦး ဖုန်း-၀၁-၅၉၀၂၆၀(ရုံး)၊ ၀၁-၅၅၀၅၄၃(အိမ်)တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

Popular Bookstore ၏ (၁)နှစ်ပြည့် အထူးအစီအစဉ်

ရန်ကုန် မတ် ၁၄

စင်ကာပူနိုင်ငံ Popular Holding Limited Popular နှင့် City Mart Holding Co.,Ltd.တို့ပူးပေါင်း၍ Popular Bookstore ၏ မြန်မာနိုင်ငံ ပထမဆုံး Franchise ဆိုင်ခွဲကို East Point Shopping Center ၌ ဖွင့်လှစ်ခဲ့သည်မှာ ၂၀၁၀ ခုနှစ် မတ်၁၅ရက်တွင် တစ်နှစ်ပြည့်မြောက်မည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇွန်လတွင် Myae Ni Ghone Center ၌လည်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။

ဝယ်ယူရရှိနိုင်

Popular Bookstore တွင် စာရေးကိရိယာမျိုးစုံ၊ အင်္ဂလိပ်စာအုပ်စာပေမျိုးစုံ၊ စင်ကာပူသင်ရိုးညွှန်းတမ်း သင်ထောက်ကူ ပစ္စည်းများ စုံလင်စွာရရှိနိုင်သည်။ ထို့အပြင် ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံး စာရေးကိရိယာများလည်း စုံလင်စွာရရှိနိုင်သည်။ စာဖတ်ဝါသနာပါသူများ၊ အထွေထွေဗဟုသုတ ရှာဖွေလိုသူများ၊ တိုးတက်လိုသူများ၊ မိမိတို့ဝါသနာနှင့် ကိုက်ညီမည့် လေ့လာဖွယ် စာအုပ်မျိုးစုံ၊ လူကြီးလူငယ်များနှင့် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်စာပေမျိုးစုံလည်း ရရှိနိုင်ပြီး မူလတန်းကြိုမှ အတန်းစုံ ကျောင်းသားများအတွက် ပညာရေးဆိုင်ရာ ဖတ်စာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ ဖတ်မှတ် မှီငြမ်းသင့်သော စာအုပ်မျိုးစုံပါ ရရှိနိုင်သည်။ SATs စာအုပ်မျိုးစုံကိုလည်း ရရှိနိုင်သောကြောင့် မိသားစုတိုင်း၊ ကျောင်းသားတိုင်း၊ စီးပွားရေးသမားတိုင်းအတွက် တစ်နေရာတည်းတွင် စုံလင်စွာဝယ်ယူရရှိနိုင်သော ONE-STOP စာအုပ်ဆိုင်ဖြစ်သည်။

ရွေးချယ်

ပေးရသောဈေးနှင့်တန်အောင် အရည်အသွေးမြင့်ပစ္စည်းများ၊ စာအုပ်များရောင်းချပေးပြီး Customer များအတွက် သွားလာရေးအဆင်ပြေကာ သက်သောင့်သက်သာရှိစေမည့် အပြင်အဆင်၊ ပတ်ဝန်းကျင်နှင့် ဝန်ဆောင်မှုကောင်းမွန်ပြီး အလွယ်တကူ ရွေးချယ်ဝယ်ယူနိုင်ရန် ကဏ္ဍစုံမှ စာအုပ်များကို စနစ်တကျ သေသပ်စွာ ခင်းကျင်းပြင်ဆင်ထားသည်။ အရောင်းမြှင့်တင်ခြင်း အစီအစဉ်များကိုလည်း လစဉ်ပြုလုပ်ထားပြီး Popular Kids Contest အစီအစဉ်ကို ၂၀၀၉ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာတို့တွင် အောင်မြင်စွာကျင်းပခဲ့သည်။

ရောင်းချပေး

Popular Bookstore ၏ တစ်နှစ်ပြည့် အမှတ်တရ အထူးအစီအစဉ်အနေဖြင့် ကဏ္ဍစုံမှ စာအုပ်များကို ၁၀ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးများ အပြင် Popular Bookstore ရှိ စာအုပ်မျိုးစုံနှင့် အခြားစာရေးကိရိယာမျိုးစုံကို ၁၀ ရာခိုင်နှုန်းဖြင့် ၂၀၁၀ခုနှစ် မတ်၁၂ရက်မှ မတ် ၃၁ရက်အထိ ရောင်းချပေးမည်ဖြစ်ပြီး မတ် ၁၂ရက်တွင် လာရောက်အားပေးသော Popular Bookstore ၏ စာဖတ်ပရိသတ်များအတွက် အမှတ်တရလက်ဆောင်များစီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်ညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်
၇:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၀၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၈။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ အတီးပြိုင်ပွဲ
၄:၁၀ ၃။ မြန်မာစာ၊ မြန်မာစကား
၄:၂၅ ၄။ အကပဒေသာ
၄:၃၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၄၅ ၆။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၅၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅:၁၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅:၃၀ ၁၀။ (၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၁၁။ မာန်အောင်ကျွန်းပတ်လမ်း အောင်ပွဲ
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက**(အပိုင်း-၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်ကိုစိတ်ထဲမှာမှတ် လက်ဆယ်ချောင်းထောင်** (အပိုင်း-၁) ခန့်စည်သူ၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ဩဘာ)
၂၀။ **သုခုမရင်ပြင်**
၂၁။ အစီအစဉ်ပြီး၏။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၄

၁။ **ကမ္ဘာ့တစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊
(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင် ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်း သတင်းပို့ရန်၊
(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

အရှေ့အလယ်ပိုင်းသို့ ဘရာဇီးသမ္မတ သွားရောက်မည်

ဘရပ်ဆဲလ် မတ် ၁၄

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကိစ္စဆွေးနွေးရန်အတွက် အစ္စရေးနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံများသို့သွားရောက်ရန် မတ် ၁၅ရက်၌ ထွက်ခွာမည်ဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

အကူအညီပေး

ပါလက်စတိုင်းအရေးကိစ္စတွင် တရားမျှတပြီး ထာဝစဉ်ပြေလည်ရေးကို အထောက်အကူပေးရန်၊ အစ္စရေးနိုင်ငံ ငြိမ်းချမ်းလုံခြုံစွာ ရပ်တည်ပိုင်ခွင့်ရှိရန်နှင့် ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန် ဘရာဇီးနိုင်ငံက စိတ်ဝင်စားကြောင်း သမ္မတလူလာက ထပ်မံအတည်ပြုလိမ့်မည်ဟု ဘရာဆီးလီးယားမြို့၌ မတ် ၁၁ရက်ကကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတ၏ပြောရေးဆိုခွင့်ရသူ ဘောဘက်က ပြောကြားသည်။

အခွင့်အလမ်း

ဘရာဇီးသမ္မတ၏ခရီးစဉ်အတွင်း စီးပွားရေးအခွင့်အလမ်းများ ရှာဖွေမည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာကဏ္ဍ၌ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ကြေးနန်းဆက်သွယ်ရေး၊ ဇီဝနည်းပညာနှင့် ဆေးဝါးလုပ်ငန်းတို့ ပါဝင်မည်ဖြစ်ကြောင်း ပြောခွင့်ရသူက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၁၄ခုနှစ် အိုလံပစ်လူငယ်အားကစားပွဲအတွက် တရုတ်ပြည် နန်ကျင်းမြို့ကို ရွေးချယ်ထား

နန်ကျင်း မတ် ၁၄

တရုတ်နိုင်ငံအရှေ့ပိုင်းဒေသရှိ နန်ကျင်းမြို့ကို ၂၀၁၄ခုနှစ် နွေရာသီလူငယ်အိုလံပစ်အားကစားပွဲများကျင်းပရာ အားကစားရွာအဖြစ် ရွေးချယ်ထားကြောင်း စည်းရုံးရေးမှူးများက မတ် ၁၂ရက်၌ ပြောကြားသည်။

ကျင်းပ

ယင်းအိုလံပစ်ပွဲတော်ကျင်းပရေးအတွက် တရုတ်နိုင်ငံ နန်ကျင်းမြို့က ပိုလန်ထက် အသာစီးရရှိခဲ့သည်။ ကနေဒါနိုင်ငံ ဗန်ကော်ဗားမြို့၌ ဖေဖော်ဝါရီ ၁၀ရက်က ယခုနှစ် အိုလံပစ်ပွဲတော်ကို လက်ခံကျင်းပနိုင်ခွင့်ရရှိခဲ့သည်။ နန်ကျင်းမြို့ အိုလံပစ်ရွာသည် အဓိက အားကစားပွဲများ ကျင်းပရာနေရာများနှင့် ကပ်လျက်ရှိနေမည်ဖြစ်သည်။

ဆောက်လုပ်

နန်ကျင်းမြို့ အိုလံပစ်အားကစားရွာကို ၂၀၁၁ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောက်လုပ်မည်ဖြစ်ပြီး ၂၀၁၃ခုနှစ်ကုန်၌ ပြီးစီးဖွယ်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်၌ကျင်းပသည့် နိုင်ငံတကာရွက်လှေပြိုင်ပွဲကို မတ် ၁၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဖိလစ်ပိုင်၌ တိုက်ပွဲဖြစ် စစ်သွေးကြွစခန်း သိမ်းပိုက်နိုင်

ကိုတာဘာတို မတ် ၁၄

မတည်မငြိမ်ဖြစ်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ မတ် ၁၃ရက်က ဖိလစ်ပိုင်တပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သိမ်းပိုက်

အဆိုပါတိုက်ပွဲ၌ ဖိလစ်ပိုင်တပ်ဖွဲ့အနေဖြင့် အဘူဆေရပ်ဖ်လေ့ကျင့်ရေးကျောင်းနှင့် ဗုံးပြုလုပ်ရေးစခန်းတစ်ခုကို သိမ်းပိုက်နိုင်ခဲ့ပြီး အကြမ်းဖက်သမားသုံးဦးကို သုတ်သင်ရှင်းလင်းခဲ့သည်ဟု ဆိုသည်။

ဒဏ်ရာရ

ဘာစီလန်ပြည်နယ်တောင်ပိုင်း ဆူမီဆစ်မြို့ ဘီစက်စ်ကျေးရွာ၌ တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် စစ်သွေးကြွများနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွ ၁၂ဦး ဒဏ်ရာရရှိသွားသည်ဟု ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗီယက်နမ်လက်ဖက်တင်ပို့မှု ပိုမိုမြင့်တက်

ဟန္နိုင်း မတ် ၁၄

ဗီယက်နမ်နိုင်ငံ၏ လက်ဖက်တင်ပို့မှုမှာ ၂၀၁၀ခုနှစ် ပထမနှစ်လအတွင်း နှစ်ချင်းအလိုက် ၃၁ဒသမ၈ရာခိုင်နှုန်းတိုးပြီး အမေရိကန်ဒေါ်လာ ၂၅သန်းရရှိကြောင်း မတ် ၁၁ရက်က ထုတ်ပြန်သည့် ဗီယက်နမ်အထွေထွေစာရင်းရုံး၏ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။

တင်ပို့

လက်ဖက်တင်ပို့မှုပမာဏမှာ နှစ်အလိုက် ၂၁ ဒသမ ၃ ရာခိုင်နှုန်းအထိ ပိုမိုထုတ်လုပ်နိုင်ပြီး တန်ချိန် ၁၈၀၀၀ အထိ ရှိကြောင်း ယင်းရုံးက ဆက်လက်ပြောကြားသည်။ အဓိကတင်ပို့ရသော နိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ဖြစ်ပြီး ဆီးရီးယား၊ ဂျော်ဒန်နှင့် ယူအေအီးနိုင်ငံတို့သို့လည်း တင်ပို့ရန် ရည်မှန်းထားသည်။

ကြေညာ

၂၀၀၉ခုနှစ်အတွင်း လက်ဖက်တန်ချိန် ၁၃၃၀၀၀ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ၁၇၈သန်း ရရှိခဲ့ကြောင်း၊ နှစ်ချင်းအလိုက်တင်ပို့သည့် ပမာဏမှာ ၂၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ဖိုးအားဖြင့် ၂၁ ဒသမ ၃ ရာခိုင်နှုန်းပိုမိုကြောင်း အထွေထွေစာရင်းရုံးက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်ဗိုလ်ချုပ်ကြီးပက်ထရီယပ် ကာဂျစ္စတန်သမ္မတနှင့်တွေ့ဆုံ

ဘစ်ရှ်ကက် မတ် ၁၄

ကာဂျစ္စတန်သမ္မတ ကူမင်ဘက်ဘာကီယက်ဗ်သည် အမေရိကန်နိုင်ငံ အလယ်ပိုင်းစစ်ဌာနချုပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးဒေးဗစ်ပက်ထရီယပ်နှင့် မတ်၁၀ရက်တွင်တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြောင်း သတင်းရရှိသည်။

နှစ်နိုင်ငံဆက်ဆံရေး

အမေရိကန်နိုင်ငံသည် ကာဂျစ္စတန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားရန် အလွန်အမင်းအရေးကြီးသည်ဟု ခံယူထားကြောင်း ဗိုလ်ချုပ်ကြီးပက်ထရီယပ်က ပြောကြားပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမှာ အရေးကြီးသည်ဟုလည်း အလေးအနက်ယူဆထားကြောင်း ပြောကြားသည်။ ကာဂျစ္စတန်သမ္မတပြန်ကြားရေးရုံး၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေး အမေရိကန်ဦးဆောင်သည့် စစ်ဆင်မှုများကို ကာဂျစ္စတန်နိုင်ငံက ထောက်ခံမှုအပေါ် ကျေးဇူးတင်တန်ဖိုးထားပါကြောင်း ဗိုလ်ချုပ်ကြီးပီထရေးက ဆက်လက်ပြောကြားသည်။ ကာဂျစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် နိုင်ငံတကာမိသားစုနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ကာဂျစ္စတန်သမ္မတက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ဖရွန်တီယာပြည်နယ်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်နေသည်ကို မတ် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးစစ်လေယာဉ်များ ဂါဇာတောင်ပိုင်းသို့တိုက်ခိုက်

တဲလ်အဗစ် မတ် ၁၄

အစ္စရေးလေယာဉ်များက ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းသို့ မတ် ၁၂ရက် နံနက်ပိုင်းက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဒဏ်ရာရ

အစ္စရေးစစ်ဘက်က ခန်ယူနစ်အရပ်ရှိ သတ္တုအလုပ်ရုံတစ်ရုံကို မတ် ၁၂ရက် နံနက်က တိုက်ခိုက်ခဲ့ရာ လူအများအပြား ဒဏ်ရာရသည်ဟု ပြောကြားသည်။

တိုက်ခိုက်

ဂါဇာကမ်းမြောင်ဒေသရှိ ရာဖာမြို့ အစွန်တွင်ရှိသော လိုဏ်ခေါင်းတစ်ခုကို ပစ်မှတ်ထား၍ အစ္စရေးလေယာဉ်များက ဒုတိယအကြိမ်တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးစစ်ဘက်က ပြောကြားသည်။

(အင်တာနက်)

လာအို၌ ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ် အများဆုံးဖြစ်

ဟန္နိုင်း မတ် ၁၄

ဗီယက်နမ်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် လာအိုနိုင်ငံ၌ အမေရိကန်ဒေါ်လာ သန်း၁၅၀၀တန်သည့် စီမံကိန်း ၄၈ခု ပြုလုပ်ကာ လာအိုနိုင်ငံ၏ အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဖြစ်ခဲ့သည်ဟု ဗီယန်ကျင်းတိုင်းမ် သတင်းစာ၌ မတ် ၁၂ရက်က ဖော်ပြသည်။

ဆက်လက်ရပ်တည်

ဗီယက်နမ်နိုင်ငံသည် ယခုအချိန်အထိ လာအို၌ ထိပ်တန်းရင်းနှီးမြှုပ်နှံသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်ဆို၏။

ရင်းနှီးမြှုပ်နှံ

ရင်းနှီးမြှုပ်နှံမှုများမှာ ရေအားလျှပ်စစ်စီမံကိန်း၊ သတ္တုတူးဖော်ရေးစီမံကိန်း၊ စက်မှုလယ်ယာစီမံကိန်း၊ ကြေးနန်းဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍနှင့် အာမခံလုပ်ငန်းကဏ္ဍများဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပိန်နိုင်ငံ၌ ရာသီဥတုဆိုးရွားမည်ဟု သတိပေးချက်ထုတ်ပြန်

မက်ဒရစ် မတ် ၁၄

စပိန်နိုင်ငံမြောက်ပိုင်း အဓိကကျသော ပြည်နယ်၁၂ခု၌ ယခုသီတင်းပတ်အတွင်း ရာသီဥတုသတိပေးချက် ထုတ်ပြန်ထားကြောင်း မတ် ၁၃ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တိုက်ခတ်နိုင်

အဆိုပါပြည်နယ်များ၌ အပူချိန်သည် အနုတ် ၇ဒီဂရီစင်တီဂရိတ် အောက်အထိ ကျဆင်းနိုင်ပြီး စပိန်ကမ်းရိုးတန်း အရှေ့ဘက်ကမ်းလွန်ရှိ ဘာဂီအရစ်ကျွန်း၌ လေပြင်းတိုက်ခတ်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗာရာပြည်နယ် အက်စ်ဘရပ်ဒေသရှိ အဝေးပြေးလမ်းမပေါ်၌ ထရပ်ကားနှင့်ခရီးသည်တင်ကား တိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌သေဆုံးသည့် နေတိုးတပ်ဖွဲ့ဝင်ပေါင်း ၁၂၁ဦး ရှိပြီဖြစ်

ကန်ဒါဟာ မတ် ၁၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ မတ် ၁၁ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေတိုးဦးဆောင်သောအဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း၊ ယခုနှစ်အတွင်း အာဖဂန်၌သေဆုံးသည့် နေတိုးအဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၁၂၁ဦးရှိသွားပြီဖြစ်ကြောင်း ညွှန့်ပေါင်းတပ်ဖွဲ့က ပြောကြားသည်။

ယင်းနေ့၌ပင် ဟယ်လ်မန့်ပြည်နယ် မြောက်ပိုင်းစန်ဂင်ဒေသတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် သေဆုံးခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်

အာဖဂန်တောင်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်၊ နေတိုးအဖွဲ့နှင့်အာဖဂန်တပ်ဖွဲ့ဝင်များက တာလီဘန်တို့အား တိုက်ခိုက်ချေမှုန်းလျက်ရှိရာ အဆိုပါဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံးမှုသည် တိုက်ပွဲနှင့်ဆက်စပ်မှုမရှိဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မိုဂါဒစ်ရှူး၌ တိုက်ပွဲများဆက်လက်ဖြစ်ပွား

မိုဂါဒစ်ရှူး မတ် ၁၄

အာဖရိကသမဂ္ဂ(အေယူ)ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များက ထောက်ခံသည့် ဆိုမာလီအစိုးရတပ်ဖွဲ့များနှင့် အစွန်းရောက်တိုက်ခိုက်ရေးသမားများ မိုဂါဒစ်ရှူးမြို့တွင် မတ် ၁၁ရက်က တိုက်ပွဲဖြစ်ပွားရာ လူ၃၀ထက်မနည်း သေဆုံးပြီး ၈၃ဦး ဒဏ်ရာရရှိကြောင်း ဆေးဘက်ဆိုင်ရာသတင်းရပ်ကွက်က ပြောကြားသည်။

ပြောကြား

ယင်းဖြစ်ပွားမှုသည် မိုဂါဒစ်ရှူးမြို့မြောက်ပိုင်း၌ဖြစ်ပွားခဲ့ကြောင်း၊ ဒဏ်ရာရသူများတွင် ကလေးငယ် ၃၅ဦးပါဝင်ကြောင်း သူနာပြုတပ်ဖွဲ့အကြီးအကဲ မူဆီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကျရောက်

မိုဂါဒစ်ရှူးမြို့မြောက်ပိုင်း၌ အမြောက်သံနှင့်သေနတ်ပစ်သံများကြားရပြီး အမြောက်ဆန်များသည် လူနေရပ်ကွက်များသို့ကျရောက်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မကွေးတိုင်းရဲတပ်ဖွဲ့ လေးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး မတ် ၁၄

မကွေးတိုင်းရဲတပ်ဖွဲ့၏ ၂၀၀၉ခုနှစ် ပထမလေးလပတ်နှင့် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၂ရက်က မကွေးတိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မကွေးတိုင်း ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဘကြည်၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲစခန်းမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(**ယာပုံ**)က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အရ ဆက်လက်ကျင်းပရာ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများက ဦး/ရေး/ထောက်ဆိုင်ရာ ကိစ္စရပ်များကိုတင်ပြကြပြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်က ပြန်လည်ရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာမြို့နယ် **FMI** ရွှေနှင်းဆီ ၃လမ်း အမှတ် **(J/72)**နေ ဦးတင်ထွဋ်-ဒေါ်ယုယုမိသားစုက ဦးတင်ထွဋ်၏ (၅၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြိုး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

သရုပ်ပြလေ့ကျင့်

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်မျိုးအောင်ဈေးတွင် မတ် ၃ရက်က စည်ပင်သာယာရေးအဖွဲ့နှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုများ သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ဗန်းမော်မြို့နယ် ဖန်းခါးကုန်းကျေးရွာ၌ ကျင်းပ

ဗန်းမော် မတ် ၁၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဖန်းခါးကုန်းကျေးရွာတွင် ပြည်အလင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ရက် ညနေ ၃နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ချိုက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်မှူးဦးညွန့်ရွှေက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်လည်ပြောကြား

ထို့နောက် စေတနာရှင်ပြည်သူများက စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ်၂၂၅၀၀၀၊ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြား ပြစက်တစ်လုံးနှင့် ရေဒီယိုတစ်လုံး၊ တိုင်ကပ်နာရီတစ်လုံးနှင့် စာအုပ်စာစောင် အုပ် ၃၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ရပ်မိရပ်ဖ ဦးခပရာဇော်ဘောက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ချို၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း၊ ကချင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးညွန့်ရွှေနှင့် ဟန်းတဲကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မက္ကဒေးမီးယား စိုက်ပျိုးရေးနှင့် ဈေးကွက်ဆွေးနွေးပွဲ နောင်ချို၌ကျင်းပ

နောင်ချို မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာ မက္ကဒေးမီးယား စိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်တွင် မက္ကဒေးမီးယားစိုက်ပျိုးရေးနှင့် ဈေးကွက်ဆွေးနွေးပွဲအခမ်းအနားကို မတ်၆ရက် နံနက် ၉နာရီက ကျင်းပသည်။

ပံ့ပိုးကူညီ

အခမ်းအနားတွင် ကျောက်မဲခရိုင်မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အုမ္မခါးကျေးရွာ စီမံကိန်းမန်နေဂျာ ဦးအေးဇော်က မက္ကဒေးမီးယားသီးနှံပင်သည် ဝင်ငွေကောင်းသော သီးနှံဖြစ်သည့်အတွက် ကော်ဖီ၊ လက်ဖက်စိုက်ခင်းများတွင် အရိပ်ရပင်အဖြစ်လည်းကောင်း၊ ရာသီသီးနှံစိုက်ခင်းများ၊ အိမ်ခြံဝင်းများတွင် လေကာပင်အဖြစ် စိုက်ပျိုးထားခြင်းဖြင့် ဝင်ငွေကောင်း ရရှိမည်ဖြစ်ကြောင်းနှင့် ပျိုးပင်ရရှိရေး၊ စိုက်စနစ်မှန်ကန်ရေးကို မိမိတို့ဌာနမှ နည်းပညာပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။**(ယာပုံ)**

ဈေးကွက်

ထို့နောက် အုမ္မခါးကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သောင်းနှင့် ခြံရှင်များဖြစ်သည့် ဒေါ်ရီရီမြင့်၊ ဦးမျိုးမြင့်တို့က ဈေးကွက်အခြေအနေနှင့် စိုက်ပျိုးရေးတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးမေးမြန်းရာ ခရိုင်မန်နေဂျာနှင့် စီမံကိန်းမန်နေဂျာတို့က ပြန်လည်ဖြေကြားသည်။ ဆွေးနွေးပွဲသို့ ပုဂ္ဂလိကခြံရှင်များနှင့်စိတ်ပါဝင်စားသူ ၃၀ တက်ရောက်ကြသည်။ ကျောက်မဲခရိုင်အနေဖြင့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် မက္ကဒေးမီးယားစိုက်ဧက ၂၈၂၇ ဧကရှိပြီး ယခင်နှစ်ကထက် အသီးနှစ်ဆပိုမိုရရှိလာနိုင်ကြောင်းနှင့် လက်ရှိဈေးကွက်အပြင် အခြားဈေးကွက်ရှာဖွေရေးကိုလည်း ဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဟု သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေး ကြိုတင်ကာကွယ်ရေး ညှိနှိုင်းစည်းဝေး

ပင်လည်ဘူး မတ် ၁၄

ကသာခရိုင် ပင်လည်ဘူးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့သည် မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးဦးမြို့မောင်က ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးနှင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရာ တက်ရောက်လာကြသော အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးများက မိမိရပ်ကွက်နှင့် ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဂျာမနီ အော်စဘတ်မြို့၌ ယာဉ်၁၇၀ ကျော် တိုက်မှုဖြစ်ပွား

ဂျာမနီနိုင်ငံ အော်စဘတ်မြို့၌ မတ် ၁၄ရက် နံနက်က ယာဉ်အသွားအလာရှုပ်ထွေးချိန်တွင် မတော်တဆဖြစ်ရပ်ကြောင့် မော်တော်ယာဉ်အစီး၁၇၀ခန့် ဆင့်ကဲတိုက်မှုဖြစ်ပွားရာ လူ၈၀ခန့်ဒဏ်ရာရရှိခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အပေါ်ပုံ)***

မွမ်ဘိုင်းမြို့တွင် အဆောက်အအုံပြိုကျ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တောင်ပိုင်းတွင် သက်တမ်းရင့် သုံးထပ်လူနေအဆောက်အအုံတစ်လုံး မတ် ၁၄ ရက်က ပြိုကျခဲ့ရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က မတ် ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

ပေကျင်းတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်း

တရုတ်နိုင်ငံမြို့တော် ပေကျင်းတွင် မတ်၁၄ရက်က အအေးလှိုင်းကျရောက်ပြီး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျရောက်ခဲ့သဖြင့် မြို့တွင်းလမ်းများပေါ်၌ ဆီးနှင်းများ ဖုံးလွှမ်းခဲ့ရာ စည်ပင်သာယာရေးဝန်ထမ်းများက ဖယ်ရှားရှင်းခဲ့ကြောင်း နေရကြောင်း ဆင်ဟွာ က သတင်းထုတ်ပြန်သည်။

လက်ဘနွန်၌ ပြင်သစ်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

လက်ဘနွန်နိုင်ငံ အရှေ့တောင်ပိုင်း ရာရှာယာအယ်ဖာခါအရပ်တွင် တာဝန်ထမ်းဆောင်နေသော ပြင်သစ်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်နှစ်ဦး ယာဉ်မတော်တဆမှုကြောင့် မတ် ၁၄ ရက်၌ သေဆုံးခဲ့ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

အမေရိကန်၌ အမြန်ရထားလမ်း တရုတ် ဖောက်လုပ်မည်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၊ ဖလော်ရီဒါနှင့် အီလီနွိုက်စ်ပြည်နယ်များတွင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကုန်ကျမည့် အမြန်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို တရုတ်ကုမ္ပဏီများနှင့် ပူးတွဲလုပ်ဆောင်ရန် သဘောတူညီချက်မူကြမ်းကို မတ် ၁၄ရက်၌ နှစ်ဖက်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

နယူးဇီလန်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဝယ်လင်တန်မြို့သို့ ပျံသန်းလာသော နယူးဇီလန်လေကြောင်းလိုင်းမှ ခရီးသည်တင် အေ-၃၂၀ လေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် မတ် ၁၄ရက်က အော့ကလန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းအရာရှိများက ပြောကြားသည်။

တရုတ်တောင်ပိုင်း၌ အထပ်မြင့်မှ ပြုတ်ကျ၊ ကိုးဦးသေဆုံး

တရုတ်တောင်ပိုင်း ရှန်ကျန်မြို့တွင် ၃၄ထပ်မြင့်သောအဆောက်အအုံ၏ ၂၃ထပ်မှ ဆောက်လုပ်ရေးအလုပ်သမားကိုးဦး ပြုတ်ကျသေဆုံးခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တရုတ်ရဲတပ်ဖွဲ့က မတ် ၁၄ရက်၌ ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါပြည်နယ်တွင် မတ် ၁၄ရက် နံနက်က သေနတ်သမားများပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးသွားခဲ့ကြောင်း၊ သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က မတ် ၁၄ရက်၌ ပြောကြားသည်။

အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့်ပစ်ခတ်

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသမှ လက်နက်ကိုင်များက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း အစ္စရေးအရာရှိများက မတ် ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားလေတပ်ပိုင် လေယာဉ်တစ်စင်း ပျက်ကျ

နိုင်ဂျီးရီးယားလေတပ်ပိုင် ထောက်ပံ့ရေးလေယာဉ်တစ်စင်းသည် နိုင်ဂျီးရီးယားနိုင်ငံ ရေဗားပြည်နယ် ပို့စ်ဟာကော့နိုင်ငံတကာလေဆိပ်သို့အဆင်းတွင် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသူအများအပြား ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ရေဗားပြည်နယ်ရဲတပ်ဖွဲ့က မတ် ၁၄ရက်၌ ပြောကြားသည်။ *(အင်တာနက်)*

ဖွံ့ဖြိုးဝေစည် သာယာဝတီ

သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) ➢ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)က နှစ်မြို့တစ်မြို့ ပေါင်းသွားပြီး တိုးတက်လာသော မြို့....။

ဘက်စုံဖွံ့ဖြိုးအလှတိုးလာသောမြို့....။

ဤမြို့ ဤဌာနေ ဤဒေသသည်ကား ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက သာယာဝတီမြို့ပင် ဖြစ်၏။ သာယာဝတီသည် သမိုင်းအစဉ်အလာကြီးမားသော မြို့တစ်မြို့ ဖြစ်ခဲ့လေသည်။ အထူးသဖြင့် တစ်ချိန်က သာယာဝတီနယ်မှ တောင်သူလယ်သမားများအား ဦးဆောင်ပြီး နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့သည့် တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ၏ ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်စေခဲ့သော ဒေသလည်း ဖြစ်သည်။

သာယာဝတီမြို့ အဝင်လမ်းကို ဤသို့ သန့်ရှင်းလှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

အရည်အသွေးကောင်း

သာယာဝတီကို လူသိများစေခဲ့သော အကြောင်းအချက်တစ်ခုမှာ အရည်အသွေးကောင်း ပန်းကန်များ ထုတ်လုပ်လျက်ရှိသော သာယာဝတီ ပန်းကန်စက်ကြီးပင်ဖြစ်သည်။ သာယာဝတီ ပန်းကန်စက်ကို ၁၉၇၂ခုနှစ်က တည်ဆောက်ခဲ့ပြီး ယနေ့တိုင် ကြွေရည်သုတ် ပန်းကန်မျိုးစုံနှင့် ကြွေပြားများ ထုတ်လုပ်လျက်ရှိသည်။

နှစ်မြို့တစ်မြို့

တစ်ချိန်က သာယာဝတီမြို့နှင့် သုံးဆယ်မြို့တို့သည် သီးခြားစီ တည်ရှိခဲ့သော မြို့များဖြစ်သည်။ ယခုအခါ ထိုမြို့နှစ်မြို့မှာ မြို့ကွက်ချင်း ထိစပ်လျက် နှစ်လွှာပေါင်းသည့် စွယ်တော်ရွက်ပမာ ပေါင်းစပ်သွားပြီဖြစ်သည်။ ဤသို့ ပေါင်းစပ်သွားခဲ့ခြင်းမှာ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်အရ မြို့၊ ရပ်ကွက်များ တိုးပွားလာခြင်းကြောင့်ပင် ဖြစ်သည်။ ထိုနှစ်မြို့ပေါင်းလျှင် ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်ရှိလာပြီ ဖြစ်သည်။ သာယာဝတီမြို့မှာ အုပ်ချုပ်ရေးမြို့အဖြစ် တည်ရှိနေပြီး သုံးဆယ်မြို့မှာ စီးပွားရေးမြို့အဖြစ် တိုးတက်ပြောင်းလဲလာသည်။

ဘက်စုံဖွံ့ဖြိုး

သာယာဝတီမြို့၏ အဘက်ဘက်မှ တိုးတက်ပြောင်းလဲပုံကား စာဖွဲ့လောက်ခဲ့ပေပြီ။ ဤမြို့တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးနိုင်မည့် ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးလည်း တည်ရှိနေပြီဖြစ်သည်။ "အထူးသဖြင့် ကျွန်တော်တို့ သာယာဝတီမြို့နယ်မှာ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ မြို့ပြလမ်းများ သိသိသာသာ တိုးတက်ပြောင်းလဲလာပါတယ်။ စိုက်ပျိုးရေးမှာဆိုရင် ဒီနှစ်မိုးစပါး ဧက ၁၂၄၄၁၀ စိုက်ပျိုးနိုင်ပြီး မတ်ပဲ ဧက ၆၁၇၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဒေသမှာ ပဲနဲ့ စပါး အဓိကစိုက်ပျိုးတယ်။ နွေစပါးကိုတော့ ဧက ၄၁၃၀၀၀ စိုက်ဖို့ လျာထားပါတယ်။ နွေစပါးအတွက် အဓိကဆည်ရေကိုတော့ သုံးဆယ်ဆည်နဲ့ သဲတောဆည်တွေက ရပါတယ်" ဟု ယခင်သာယာဝတီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ယခုလိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ) ဦးအောင်စိုးမိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။



"သာယာဝတီမြို့ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်"

ဦးအောင်စိုးမိုး
မြို့နယ်ဥက္ကဋ္ဌ။

စိုက်ပျိုးရေး

သာယာဝတီမြို့သည် စိုက်ပျိုးရေးတိုးတက်အောင်မြင်ရုံသာမက မြို့တွင်းလမ်းများနှင့် တယ်လီဖုန်း ဆက်သွယ်ရေးမှာ ထူးခြားစွာတိုးတက်လာသော မြင်ကွင်းသစ်များအဖြစ် တွေ့ရသည်။ "ကျွန်တော်တို့ သာယာဝတီမြို့နယ် စည်ပင်အနေနဲ့ သာယာဝတီမြို့မှာဆိုရင် မြို့ပြလမ်းများဖြစ်တဲ့ ယောမင်းကြီးလမ်း၊ ဘူတာလမ်း၊ အမှတ်(၂) ကျောင်းလမ်းတို့ကို ကတ္တရာခင်းခြင်းနဲ့ ထပ်ပိုးကတ္တရာ ခင်းခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ သုံးဆယ်မြို့မှာတော့ ဗိုလ်ချုပ်လမ်း၊ ထောင်ကြီးလမ်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင် မြို့တွင်းတံတားများ၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်စေရန်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု သာယာဝတီမြို့နယ် စည်ပင်မှ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

သာယာဝတီမြို့နယ်စည်ပင်မှ ထပ်ပိုးကတ္တရာခင်းထားသော ဗိုလ်ချုပ်လမ်း မြင်ကွင်း....။ (မြန်မာ့အလင်း)

ဆက်သွယ်ရေး

သာယာဝတီမြို့သည် အဘက်ဘက်မှ တိုးတက် ပြောင်းလဲလာခြင်းနှင့်အတူ ဆက်သွယ်ရေးကဏ္ဍမှာလည်း တိုးတက်ကောင်းမွန်လာသည်။ တစ်ချိန်က လက်လှည့် အိတ်ချိန်းဖုန်းများနေရာတွင် ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းဖုန်း၊ ဂျီအက်စ်အမ်ဖုန်းတို့ဖြင့် ပြောဆိုနိုင်ကြပြီဖြစ်သည်။ ဤမြို့၏ အော်တိုအိတ်ချိန်းရုံးကို ၂၀၀၅ ခုနှစ် ဇွန် ၇ရက်က ဖွင့်လှစ်ခဲ့ပြီး ဂျီအက်စ်အမ်ဖုန်း စတေရှင်ကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၇ရက်က ဖွင့်လှစ်ခဲ့ကြောင်း အိတ်ချိန်းတာဝန်ခံ ဦးဆန်းမင်းထိုက်က ပြောကြားသည်။

"သာယာဝတီမှာ ဂျီအက်စ်အမ်ဖုန်း ပြောနိုင်ပါပြီ"

ဦးဆန်းမင်းထိုက်
သာယာဝတီအိတ်ချိန်းတာဝန်ခံ။

ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာ

သာယာဝတီမြို့၏ ဖွံ့ဖြိုးတိုးတက်မှုသည်ကား စီးပွားရေးနှင့်ထပ်တူ လူမှုရေးကဏ္ဍမှာပါ တိုးတက်ပြောင်းလဲလာသည်။ ထူးခြားသော လူမှုရေးတိုးတက်မှု တစ်ရပ်မှာ ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာကြီး တစ်ခု ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ဤဘိုးဘွားရိပ်သာကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားမှုဖြင့် ၁၉၉၀ပြည့်နှစ်တွင် တည်ထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဤဘိုးဘွားရိပ်သာသည် ရန်ကုန်-ပြည် ကားလမ်းဘေး သုံးဆယ်မြို့နယ်အတွင်း ရှိသည်။ ၎င်းဘိုးဘွားရိပ်သာ၌ ယခုအခါ အဘိုး၊ အဘွား ၂၈ဦးအား ပြုစုစောင့်ရှောက်လျက်ရှိသည်။ ယခုထက်မက တိုးတက် စောင့်ရှောက်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဤသို့ဖြင့် သာယာဝတီမြို့ကား စိုက်ပျိုးရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံ တိုးတက်ကောင်းမွန်လာသဖြင့် ဖွံ့ဖြိုးဝေစည် သာယာဝတီဟုပင် ဆိုလိုက်ချင်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

သုံးဆယ်မြို့ အဝင်လမ်းကို ဤသို့ လှပစွာတွေ့ရသည်။ (မြန်မာ့အလင်း)

သာယာဝတီမြို့ ခရိုင်ပျိုးဥယျာဉ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၅-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၀ ၆။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၇။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၅ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၈)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၂၁)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များ ကျောက်ဆည်မြို့နယ်၌ ဖွင့်လှစ်

ကျောက်ဆည် မတ် ၁၄

ကျောက်ဆည်မြို့နယ်အတွင်း၌ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆောင်ရွက်လျက်ရှိရာ မတ် ၉ရက်က ဇရပ်ဖြူကျေးရွာ အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် သင်ပုတ်ကျေးရွာအုပ်စု တံတားဦးလေးကျေးရွာ ရွှေတံတားစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားများကို ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရေးဦးစွာ ဇရပ်ဖြူကျေးရွာ အားမာန်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖဦးစံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်ဦးစီးအရာရှိက သုတရသ၊ စာအုပ်စာစောင်များကို လှူဒါန်းကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် တံတားဦးလေးကျေးရွာ ရွှေတံတားစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ၊ ခိုင်မာသည့်စာဌာနကတ်စနစ်ဖြင့် ငှားရမ်းခြင်းလုပ်ငန်းစဉ်များနှင့် စာပေအကျိုးကျေးဇူးများကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး နေ့စဉ်ထုတ်သတင်းစာ၊ စာအုပ်များနှင့် သုတရသ၊ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။ ထို့နောက် ရွှေတံတားစာကြည့်တိုက် အဆောက်အအုံကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နေ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာ၊ မှန်ကန်သော ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သရက်-မင်းလှ ရထားလမ်းပိုင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍစုံမှ စီမံကိန်းများ စနစ်တကျချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသ တစ်ခုနှင့် တစ်ခု ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်မှာ အခြေခံလိုအပ်ချက်ဖြစ်လာပါကြောင်း။

မဟာဗျူဟာကျကျအကွက်ချ

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူဖြစ်သလို ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကူးလူးဆက်သွယ်သွားလာနိုင်တဲ့ သွေးစည်းညီညွတ်ရေးဆိုင်ရာ အဆောက်အအုံတွေလည်းဖြစ်တယ်"**ဟု လမ်းညွှန်မှာကြားထားသည့်အတိုင်း ပြည်ထောင်စုအတွင်း နယ်စွန်နယ်ဖျား နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများ အပါအဝင် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချပြီး ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးလျက်ရှိပါကြောင်း။

မိမိနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား လူမျိုးများအားလုံး စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်စေရေး၊ စိတ်အေးချမ်းလုံခြုံစွာ ကူးလူးသွားလာနိုင်စေရေး၊ ကုန်စည်ကူးသန်းရောင်းဝယ် ဖွံ့ဖြိုးစေရေးဆိုသည့် မွန်မြတ်သော စေတနာဖြင့် ကိုယ့်ခွန်ကိုယ့်အားကို အရင်းခံပြုပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆကြိုးစားအားထုတ်မှုများကို အခြေပြုပြီး တစိုက်မတ်မတ် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ဖွင့်လှစ်သည့် သရက်-မင်းလှ ရထားလမ်းသစ် ထပ်မံပေါ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။

ဖွင့်လှစ်ပြေးဆွဲ

သရက်-မင်းလှ ရထားလမ်းပိုင်းသည် ၅၃မိုင်ခန့် ရှည်လျားပြီး ကျဲခင်း-ပခုက္ကူ ရထားလမ်းမိုင် ၃၂၀ ၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း၊ ကျဲခင်းဘက်မှ ဥသျှစ်ပင်၊ ကံမ၊ သရက်အထိ လမ်းပိုင်းတစ်ခုပြီး တစ်ခု ဖွင့်လှစ်ပြီးသကဲ့သို့ ယခုအခါ ပခုက္ကူဘက်မှ ကျွန်းချောင်းအထိ ၂၇မိုင်ကို ဖွင့်လှစ်ပြီးဖြစ်ခြင်းကြောင့် မင်းလှမှ ကျွန်းချောင်းအထိ ၁၃၈မိုင်ခန့်သာ ဖောက်လုပ်ရန် ကျန်ပါကြောင်း၊ မိဘပြည်သူများအတွက် မြန်မြန် အသုံးပြုနိုင်စေရန် ဖောက်လုပ်ပြီးစီးလျှင် ပြီးစီးသမျှလမ်းကို အပိုင်းလိုက် ဖွင့်လှစ်ပြေးဆွဲပေးနေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်နယ်နှင့်တိုင်းများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာစေရန်၊ ရထားလမ်းများကို ကွန်ရက်သဖွယ်ဖောက်လုပ်ရန် လမ်းညွှန်စီမံထားပြီးဖြစ်ကြောင်း။

စီမံကိန်းများပြီးစီးပါက ပြည်နယ်နှင့်တိုင်းအားလုံး ဆက်သွယ်ထားသည့် အမျိုးသား မီးရထားကွန်ရက် (National Railway Network) ကြီး ဖြစ်ပေါ်လာတော့မည် ဖြစ်ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့ဆိုလျှင် မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ တောင်ပိုင်း ထားဝယ်မြို့အထိလည်းကောင်း၊ အရှေ့ဘက် ရှမ်းပြည်နယ် မိုးနဲမြို့မှ အနောက်ဘက် ကလေးမြို့အထိလည်းကောင်း ရထားလမ်းခရီးများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီးဖြစ်သကဲ့သို့ အရှေ့တောင်ဘက် လှိုင်ကော်မြို့အထိပါ ရထားလမ်းခရီးဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ပျော်ဘွယ်-နတ်မောက် - မကွေး ရထားလမ်း ဖောက်လုပ်ထားရန် စီမံထားပြီးဖြစ်၍ အဆိုပါလမ်းကို ဧရာဝတီမြစ် အနောက်ဘက်ရှိ ကျဲခင်း - ပခုက္ကူ ရထားလမ်းနှင့် ဆက်စပ်လိုက်ပါက ဧရာဝတီအရှေ့ခြမ်းနှင့် အနောက်ခြမ်း ဒေသများမှ နေပြည်တော်အထိ တစ်ဆက်တစ်စပ်တည်း ရထားလမ်းခရီး ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယခင်က ရထားလမ်းခရီး မပေါက်ခဲ့သည့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း အထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းတို့ကို ရထားလမ်းသစ်များ တိုးချဲ့ပေးနိုင်ခဲ့သဖြင့် ခရီးသွားလာခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းများကို ဆောင်ရွက်နိုင်ကြသကဲ့သို့ ရထားလမ်းဖြတ်သန်းသွားရာ မြို့၊ ရွာများမှ ဒေသခံ ပြည်သူများစွာ အတွက်ပါ အကျိုးဖြစ်ထွန်းမှု ရရှိစေမည် ဖြစ်ပါကြောင်း။

အရည်အသွေးမြှင့်တင်

ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားလမ်းဟောင်းများ ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ အဓိကကျသော လမ်းခရီးများတွင် တစ်လမ်းသွားအဆင့်က နှစ်လမ်းသွား ဒွေးလမ်းအဆင့် တိုးမြှင့်ခြင်း၊ ဘူတာရုံအသစ်များ တိုးချဲ့ခြင်းနှင့် မြို့ကြီးများက ဘူတာရုံကြီးများကို နိုင်ငံတကာအဆင့် မြှင့်တင် တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံရှိခဲ့ရာမှ ယခုဆိုလျှင် ရထားလမ်းခရီးမိုင် ၃၄၁၀နှင့် ဘူတာရုံပေါင်း ၈၆၈ရုံ ရှိလာပြီဖြစ်၍ ရထားလမ်းခရီးမိုင်ပေါင်း ၁၄၃၄မိုင်နှင့် ဘူတာရုံပေါင်း ၃၈၁ရုံ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် စက်ခေါင်းတွဲ၊ ရထားတွဲနှင့် ကုန်စည်တွဲများတိုးချဲ့ခြင်း၊ ကိုယ်ပိုင်တည်ဆောက်ခြင်းနှင့် အရည်အသွေး အဆင့်မြှင့်တင်ခြင်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အစိုးရ လက်ထက်တွင် ကားလမ်းပို့ဆောင်ရေးကဏ္ဍကို ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကျေးရွာချင်းဆက်လမ်း၊ မြို့ချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသလမ်းများနှင့် ဖွံ့ဖြိုးရေးလမ်းများကိုပါ အရှိန်အဟုန်ဖြင့် အကွက်ချဖောက်လုပ်ပေးခဲ့ရာ ၁၉၈၈ခုနှစ်မတိုင်မီက ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင် နှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ မိုင်ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း။

လမ်းများနှင့်အတူ တံတားကြီးများကို ဆက်စပ်တည်ဆောက်ခဲ့သည့်အတွက် အဓိက မြစ်ကူးတံတားကြီးများ အပါအဝင် တံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

အကျိုးရှိစွာအသုံးချ

လေကြောင်းဆက်သွယ်ရေးကဏ္ဍ၌လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း၊ မူလရှိပြီး လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုအပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသည်များ အချိန်တိုအတွင်းတွင် မိမိတို့လိုရာခရီးကို ရောက်ရှိခြင်းဖြင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သည့်အချိန်ကို ပိုမိုအကျိုးရှိစွာ အသုံးချနေနိုင်ကြပြီ ဖြစ်ပါကြောင်း။

တည်ဆောက်ပေး

အလားတူပင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ယခင်က အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၃ခုရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ခုအထိ တိုးတက်လာသည့်အပြင် နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာစခန်း သုံးခု တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ သရက်-မင်းလှ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ကြိုးစားတည်ဆောက်ပေး

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး သွားရေး၊ လာရေး လွယ်ကူစေပြီး ပညာရေး၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း သရက်-မင်းလှ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျန်းမာရေး၊ လူမှုရေး အခြေခံများပါ တိုးမြှင့်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာအမှန်ဖြင့် လမ်းပန်းဆက်သွယ်ရေးအခြေခံလုပ်ငန်းများကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ရထားပို့ဆောင်ရေး၊ ကားလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးတို့ကို ငွေကြေးနှင့် လူအင်အား၊ စက်ယန္တရား အင်အားနှင့် အတတ်ပညာများစွာ ရင်းနှီးမြှုပ်နှံပြီး ကြိုးစားတည်ဆောက်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ဘူးဆိုသည်ကို ဒေသခံပြည်သူများ သိမြင်နားလည် သဘောပေါက်ကြစေရန် ပြောကြားလိုပါကြောင်း။

လက်တွေ့အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုး

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်ငွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်စေရအောင် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အဟန့်အတား အနှောင့်အယှက်အဖုံဖုံကို ကျော်လွှားပြီး ကိုယ့်အင်ကိုယ့်အားဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်ပေးနေခြင်းသည် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်ပေးလိုသည့် စိတ်ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်ပါကြောင်း။

မျက်ဝါးထင်ထင်တွေ့မြင်

ယခုကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားလာစေရေးကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ရာတွင် တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ ရရှိဖြစ်ပေါ်နေသည်ကို တိတိကျကျ ခိုင်မာသည့် ကိန်းဂဏန်းများအရရော မငြင်းကွယ်နိုင်သည့် ကိုယ်တွေ့မျက်မြင် ဖြစ်ထွန်းမှုများ အရပ်ပါ မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ပါကြောင်း။

သရက် - မင်းလှ ရထားလမ်း အပါအဝင် ရထားလမ်းများသည် မိမိတိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများ အားလုံး ညီညွတ်မျှတ သဟဇာတဖြစ်အောင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ စီမံကြိုးပမ်းဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာ၊ မှန်ကန်သော ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများ ဖြစ်သည်ဟုခံယူပြီး ယင်းဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးချလျက် မိမိတို့၏ လူမှုစီးပွားရေးဘဝ သာယာဝပြော တိုးတက်မြင့်မားစေရအောင် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ပေါ်ထွန်းလာသည့် သရက်-မင်းလှ ရထားလမ်း အရှည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တည်တံ့ခိုင်မြဲရေးနှင့် ဘေးကင်းလုံခြုံစေရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများနှင့် ရထားလမ်းဖြတ်သန်းရာ မြို့၊ ရွာအသီးသီးမှ ပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားရာ၌ လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်သည့် ကားလမ်းနှင့် ရထားလမ်း အများစုသည် နိုင်ငံတော်၏ ရေမြေသဘာဝ အနေအထားအရ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်သာ ဆက်သွယ် ဖောက်လုပ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသများသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခဲ့မှုများကြောင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ကောင်းမွန်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

စီမံဆောင်ရွက်

ယခုကဲ့သို့ မတူ ခြားနားသည့် အခြေအနေတို့ကို ဟန်ချက်ညီစွာ မျှမျှတတဖွံ့ဖြိုးလာစေလိုမည့် နိုင်ငံတော်အကြီးအကဲ၏ စေတနာထားလမ်းညွှန်မှုတို့နှင့်အညီ တပ်မတော်အစိုးရ လက်ထက်တွင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဧရာဝတီမြစ် အနောက်ခြမ်းနှင့် အရှေ့ခြမ်းတို့ ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီမြစ်ကူးတံတားကြီးများနှင့် ပုသိမ်-မုံရွာကားလမ်းမကြီးတို့ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရထားလမ်းအနေဖြင့်လည်း ယခင်ဖောက်လုပ်ပြီးသား ပုသိမ်မှ ကြံခင်းအထိ ရှိနေသည့် ရထားလမ်းကို ကြံခင်းမှ ပခုက္ကူအထိ ဆက်လက် ဖောက်လုပ်ပေးခြင်းဖြင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၏ အဓိက ပင်မရထားလမ်းမကြီးအဖြစ် အကောင်အထည်ပေါ်လာပြီး ပုသိမ်မှ ကြံခင်း-ပခုက္ကူ- ကလေး-မန္တလေး-မြစ်ကြီးနားအစရှိသည်ဖြင့် ဖောက်လုပ်ပြီးသား ရထားလမ်းများနှင့် ဆက်စပ်ကာ တစ်မြို့နှင့်တစ်မြို့ အပြန်အလှန်ရထားဖြင့် သွားလာနိုင်စေရန် အမြော်အမြင်ကြီးစွာ စီမံဆောင်ရွက်စေခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရ၏စေတနာကို မိမိတို့ဒေသခံပြည်သူများက ကျေးဇူးတုံ့ပြန်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ သရက်-မင်းလှ ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါသွားကြသော ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အစိတ်အပိုင်းတစ်ခုဖြစ်

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ယနေ့အခမ်းအနားသည် ကြံခင်း-ပခုက္ကူရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည်မိုင် ၅၂ ဒသမ ၇၀ ရှိသည့် သရက်-မင်းလှ ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားဖြစ်ပါကြောင်း။

လမ်းညွှန်

နိုင်ငံတော်အကြီးအကဲက **"ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းစာပါက ရေ၊ မြေ၊ သယံဇာတ အခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် တိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေး အခြေအနေ တန်းတူညီတူ ဖြစ်စေရန် ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရန်မှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်တဲ့ ရထားလမ်းများနှင့် ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးအထိ သွားရောက်နိုင်မှာဖြစ်ကြောင်း"** ကို လမ်းညွှန်ခဲ့ပါကြောင်း။

တစ်ဆက်တည်းသွားလာနိုင်

ကြံခင်း-ပခုက္ကူရထားလမ်း မိုင် ၃၂၀ကို ကြံခင်း-သရက်လမ်းပိုင်းမိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၁၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၀၀ စသည်ဖြင့် အပိုင်း သုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိရာ ကြံခင်း-သရက်လမ်းပိုင်းတွင် အပိုင်းလိုက် ဖောက်လုပ်ခဲ့သည့် ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်း ၃၈မိုင်ကို ၁-၃-၂၀၀၈ ရက်နေ့တွင်လည်းကောင်း၊ ဥသျှစ်ပင်-ကံမလမ်းပိုင်း ၃၅မိုင်ကို ၂၂-၃-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ ကံမ-သရက်လမ်းပိုင်း ၃၅မိုင်ကို ၁၇-၁၀-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ ပခုက္ကူဘက်ခြမ်းမှ ပခုက္ကူ-ကျွန်းချောင်း ရထားလမ်း ၂၇မိုင်ကို ၁၅-၁၁-၂၀၀၉ ရက်နေ့တွင်လည်းကောင်း ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင်မူ သရက်-မင်းလှလမ်းပိုင်း ၅၂ဒသမ ၇၀မိုင်ကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပုသိမ်-ဟင်္သာတ-ကြံခင်းမှ မင်းလှအထိ တစ်ဆက်တည်း သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

သရက်-မင်းလှ လမ်းပိုင်းကို ၁-၄-၂၀၀၇ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး တံတားကြီး၊ တံတားငယ်ပေါင်း ၁၄၈စင်း၊ ဘူတာပေါင်း ၁၀ဘူတာ၊ အများဆုံးကွေ့ဒီဂရီ ၆ ဒီဂရီနှင့် အများဆုံး ဆင်ခြေလျှောမှာ ၁း၁၀၀ ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဖောက်လုပ်ရန်ရှိနေသေးသည့် လမ်းပိုင်းများကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဆက်စပ်ဖောက်လုပ် ဖွင့်လှစ်နိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

သွားလာနိုင်မည်

၎င်း "ကြံခင်း - ပခုက္ကူ" ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ပြီးစီးပြီဆိုလျှင် မူလကရှိပြီးဖြစ်သည့် ပုသိမ်-ကြံခင်းရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းများနှင့် ဆက်မိသွားပြီး ပုသိမ်မှကလေးအထိ ရထားဖြင့် သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ပခုက္ကူမှတစ်ဆင့် မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားအထိ သွားလာနိုင်မည်လည်း ဖြစ်ပါကြောင်း။

ထို့အပြင် ဟင်္သာတမှ ညောင်တုန်း ရထားလမ်း ၄၈မိုင်၊ ညောင်တုန်းမှ လှိုင်သာယာရထားလမ်း ၃၃မိုင်ကို လည်း ဖောက်လုပ်လျက်ရှိပါကြောင်း၊ ဖောက်လုပ်ဆဲ ရထားလမ်းများ ပြီးစီးသွားပါက ဖောက်လုပ်ပြီး ရထားလမ်းများနှင့် ဆက်စပ်ပြီး ကလေးမြို့မှ လှိုင်သာယာ(ရန်ကုန်) အထိ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် မဟာဗျူဟာမြောက် ရထားလမ်းမကြီးတစ်လမ်း ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း။

ဖောက်လုပ်နေဆဲ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံအနှံ့၌-

(၁) မိုးတားကြီး - ဇန်းမော် ရထားလမ်း

(၂) မိုးနဲ-ကျိုင်းတုံ ရထားလမ်း

(၃) ထားဝယ်-မြိတ် ရထားလမ်း

(၄) မင်းဘူး-အမ်း-ရေချမ်းပြင် ရထားလမ်း

(၅) ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ)ရထားလမ်း

(၆) ပြည် (ရွှေတံခါး) - တောင်ငူ (ကျေးတော)-နေပြည်တော်ရထားလမ်း

သရက်-မင်းလှ ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း သရက်-မင်းလှ ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားဖြင့် လိုက်ပါကြမည့် ခရီးသွားပြည်သူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားလမ်းဟောင်းများ ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ အဓိကကျသော လမ်းခရီးများတွင် တစ်လမ်းသွားအဆင့်က နှစ်လမ်းသွား ဒွေးလမ်းအဆင့် တိုးမြှင့်ခြင်း၊ ဘူတာရုံအသစ်များ တိုးချဲ့ခြင်းနှင့် မြို့ကြီးများက ဘူတာရုံကြီးများကို နိုင်ငံတကာ အဆင့်မြှင့်တင် တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံ ရှိခဲ့ရာမှ ယခုဆိုလျှင် ရထားလမ်းခရီးမိုင် ၃၄၁၀နှင့် ဘူတာရုံပေါင်း ၈၆၈ ရုံရှိလာပြီဖြစ်၍ ရထားလမ်း ခရီးမိုင်ပေါင်း ၁၄၃၄မိုင်နှင့် ဘူတာရုံပေါင်း ၃၈၁ရုံ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့၊ ထို့အပြင် စက်ခေါင်းတွဲ၊ ရထားတွဲနှင့် ကုန်စည်တွဲများ တိုးချဲ့ခြင်း၊ ကိုယ်ပိုင်တည်ဆောက်ခြင်းနှင့် အရည်အသွေး အဆင့်မြှင့်တင်ခြင်းများကိုပါ ဆောင်ရွက်လျက်ရှိ။

လည်း ဖောက်လုပ်လျက်ရှိပါကြောင်း၊ ဖောက်လုပ်ဆဲ ရထားလမ်းများ ပြီးစီးသွားပါက ဖောက်လုပ်ပြီး ရထားလမ်းများနှင့် ဆက်စပ်ပြီး ကလေးမြို့မှ လှိုင်သာယာ(ရန်ကုန်) အထိ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် မဟာဗျူဟာမြောက် ရထားလမ်းမကြီးတစ်လမ်း ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း။

ဖောက်လုပ်နေဆဲ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံအနှံ့၌-

(၁) မိုးတားကြီး - ဗန်းမော် ရထားလမ်း
(၂) မိုးနဲ-ကျိုင်းတုံ ရထားလမ်း
(၃) ထားဝယ်-မြိတ် ရထားလမ်း
(၄) မင်းဘူး-အမ်း-ရေချမ်းပြင် ရထားလမ်း
(၅) ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ)ရထားလမ်း
(၆) ပြည် (ရွှေတံခါး) - တောင်ငူ (ကျေးတော)- နေပြည်တော်ရထားလမ်း
(၇) ဟသ်ာတ - ညောင်တုန်း ရထားလမ်း
(၈) မင်းလှ - ကျွန်းချောင်း ရထားလမ်း
(၉) ရွာတော်-ကန်ပြား ရထားလမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ပခုက္ကူဘူတာအနီးရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ပါကြောင်း။

၁၉၈၈ခုနှစ်မှစ၍ အကြမ်းဖျင်း တွက်ချက်ကြည့်ပါက မြန်မာ့မီးရထားသည် တစ်နှစ်လျှင် မိုင် ၆၀ခန့်နှုန်းဖြင့် ရထားလမ်းသစ်များ ဖောက်လုပ်နိုင်ခဲ့ပါကြောင်း။

တာဝန်ကျေပွန်

ထို့အပြင် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါကြောင်းနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ လွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်မှ ဒေသခံပြည်သူ တစ်ဦးက သရက်-မင်းလှ ရထားလမ်းပိုင်း ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို မင်းလှဘူတာ၌ ကျင်းပရာ အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က သရက်-မင်းလှ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ)၌ ကြိုတင် အားဖြည့် ကွန်ကရစ်ဇလီဖားတုံးများ စမ်းသပ်ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားတုံး၏ ခံနိုင်ဝန် စမ်းသပ်စစ်ဆေးနေမှုနှင့် ဇလီဖားတုံး၌ တပ်ဆင်သုံးစွဲသည့် Clip များ ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ကြီးသည် သရက်-မင်းလှ ရထားလမ်းပိုင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကျန်အဖွဲ့ဝင်များကလည်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နေရဉ္စရာ လူငယ်ပျိုးခင်း သင်တန်းကျောင်း

ငွေးလွင်(ဆားလင်းကြီး)

လွန်ခဲ့သောရက်ပိုင်းက အထက်ချင်းတွင်းခရိုင် ချင်းတောင်ခြေ၏ အရှေ့ဘက်၌ တည်ရှိသော ကလေးမြို့သို့ ခရီးတစ်ထောက် ရောက်ခဲ့ရသည်။ မုံရွာမြို့မှ ခရီးစ၍ ထွက်သည်။ မုံရွာမြို့မှ အမြန်ယာဉ်(မော်တော်ရေယာဉ်)ဖြင့် နံနက်၄နာရီ ထွက်သည်။ ကလေးဝ ဆိပ်ကမ်းသို့ ညနေ ၃နာရီကျော် ရောက်သည်။ ကလေးဝမြို့ သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကို မော်တော်ပေါ်မှပင် ဖူးမြော်နိုင်ပါသည်။ ရွှေထီးတော်နှင့် စေတီတော်တစ်ဆူလုံး နေရောင်အောက်တွင် ရွှေရောင်တောက်နေသည်ကို ဖူးမြင်ရသဖြင့် ကြည်နူးဝမ်းသာမိပါသည်။ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့ ပေါင်းဆုံရာ မြစ်ဝ၌ ကလေးဝမြို့ တည်ရှိသည်။ ကလေးဝမြို့ကို ၁၉၀၁ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်မှ မြို့နယ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

"ကလေးဝဟူသော အမည်မှာ ကလေးမြို့နယ်ကိုဖြတ်၍ တောင်မှမြောက်၊ ယင်းနောက် အနောက်သို့ စီးဆင်းလာပြီး ချင်းတွင်းမြစ်နှင့် ပေါင်းဆုံသည့် မြစ်သာမြစ် ခေါ် ကာလေးမြစ်၏ 'အဝ'တွင် တည်ရှိနေခြင်းကြောင့်လည်းကောင်း၊ ကလေးမြို့၏ တံခါးဝသဖွယ်တည်ရှိသောကြောင့်လည်း ကလေးဝဟု ခေါ်ဝေါ်သမုတ်ကြသည်"ဟု ကလေးဝမြို့နယ်ဖြစ်စဉ်မှတ်တမ်းတွင် ရေးသားထားသည်။ ကလေးဝဆိပ်ကမ်းသို့ ရောက်ပြီးမကြာမီ ကလေးမြို့မှ လာရောက်ကြိုသော ကားရောက်လာသည်။ ကလေးဝမြို့မှ ကလေးမြို့သို့ သွားသောကားလမ်းမှာ မြစ်သာမြစ် ဘေးကိုကပ်၍ တောင်တန်းတွေအောက်တွင် ကွေ့ကောက်လှည့်ပတ် ဖောက်လုပ်ထားသည်။ ကလေးဝမှ ကလေးမြို့သို့ ၂၄မိုင်ဝေးသည်။ လမ်းက အကွေ့အကောက်များလှပါသည်။ တံတားကြမ်းခင်းမှာ သံပြားများ ခင်းထားရာ တံတားပေါ်ကားဖြတ်လိုက်လျှင် "ဂျမ်းဂျမ်း"မြည်သံမှာ ပွဲတင်ထပ်မျှရှိပါသည်။ ကားစီးရင်း ကဗျာတိုလေးတစ်ပုဒ် လက်တန်းရေးမိပါသည်။

"မြစ်သာမြစ်ဘေး၊ ကလေးဝလမ်း
တောင်တန်းတွေအောက်၊ လမ်းကိုဖောက်၍
ကွေ့ကောက်လှည့်ပတ်၊ တံတားဖြတ်သော်
ဂျက်ဂျက်ဂျမ်းဂျမ်း၊ မြည်သံလွှမ်းသည်
တောင်တန်း ပွဲတင်ထပ်မျှတည်း" ဟု စိတ်ထဲတွင် ရေးဖွဲ့မိပါသည်။

ကလေးမြို့သို့ရောက်သောအခါ ခင်မင်ရင်းနှီးသော ဆရာတော်ဦးဓမ္မိက၏ နေသာပညာဒါနကျောင်း၌ တည်းခိုရပါသည်။ လုပ်ငန်းကိစ္စနှင့်ဖြစ်၍ ရောက်စ ညတစ်ညနှင့် နောက်တစ်ညအိပ်ပြီး ပြန်ခဲ့ရပါသည်။

နေသာပညာဒါန ကျောင်းကား တကယ်အောင်မြင်သော ပညာဒါနကျောင်းဖြစ်သည်။ ရှစ်တန်း၊ ကိုးတန်း၊ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများကို ပညာဒါနအဖြစ် အခမဲ့ သင်ကြားပေးသည်။ နံနက် ၆နာရီထိုးလျှင် စာဖတ်သံ၊ စာကျက်သံ ကြားရသည်။ ယောက်ျားလေး ကျောင်းသားများကို ကျောင်းတွင် လက်ခံ၍ နေခွင့်ပြုသည်။ နယ်မှကျောင်းသူများမှာ အဆောင်ငှားနေပြီး ကျောင်းတက်ရသည်။ ကာယကံ မေတ္တာ နာရေးကူညီမှုအသင်းကိုလည်း တည်ထောင်ထားသည်။ ဆေးရုံတက်၍ ဆေးအတွက်မတတ်နိုင်သူများကို ဘေသဇ္ဇဒါန ဆေးအလှူအသင်းကိုလည်း ၁-၇-၂၀၀၅ ရက်မှစတင်တည်ထောင်၍ ဆေးအလှူ ပေးလှူလျက်ရှိသည်။ ပြည်သူအကျိုးပြုခေတ်မီသော ကုသိုလ်ရေးလုပ်ငန်းများဖြစ်၍ သာဓုခေါ်ခဲ့ရပါသည်။ နေသာစာကြည့်တိုက်ကိုလည်း တည်ဆောက်ထားသည်။ ဒေါ်ခင်ခင်ရီ မိသားစုတို့က ဆောက်လုပ်လှူဒါန်းသည်ဟု သိခဲ့ရသည်။ ပညာဒါနပင် ဖြစ်ပါသည်။

ခံ့ညားထည်ဝါသော သီတဂူစက္ခုဒါန ဆေးရုံကြီးကိုလည်း ကြည့်ခဲ့ရ၊ မြင်ခဲ့ရသည်။ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက မျက်စိကုရန် လိုအပ်သောပစ္စည်းမှန်သမျှ လှူဒါန်းထားသည်။ နယ်စပ်ဒေသဖြစ်၍ မျက်စိဝေဒနာရှင်များအတွက် အမှန်ပင် လိုအပ်လှပါသည်။

နေသာပညာဒါန ဆရာတော်ဦးဓမ္မိကက ကလေးမြို့သို့ ရောက်ခိုက် အချိန်ရသမျှ ပြသချင်သည်။ ချင်းတောင် ကိုးမိုင်ဒေသ ရှခင်းသာစခန်းသို့ ပို့ပေးသည်။ ကလေးမြို့၏ အလှကို မြင်ကွင်းကျယ်မြင်ရပါသည်။

"ယခု လှမ်းမြင်ရတာက နေရဉ္စရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းပါ။ စနစ်တကျ ဖွင့်လှစ်ထားပါတယ်၊ ဝင်ကြည့်ပါဦး"ဟု ပြောသည်။ ရှခင်းသာစခန်းမှ ဝင်လာပြီး နေရဉ္စရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းသို့ ဝင်သည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း တောင်ကုန်းလေးပေါ်မှာ တည်ဆောက်ထားသည်။ ၂၀၀၆ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဖွင့်လှစ်ပေးခဲ့သည်။ နာဂ၊ ချင်း တိုင်းရင်းသား ၇၀ရှိသည်။ ကျောင်းသားများကိုသာလက်ခံပြီး စတုတ္ထတန်းမှ သတ္တမတန်းအထိ သင်ပေးသည်။ စာသင်ဆောင်တစ်ဆောင်၊ အိပ်ဆောင်တစ်ဆောင်နှင့် စားသောက်ဆောင် တစ်ဆောင် ဆောက်လုပ်ထားသည်။ စားသောက်ရေးကို ကျောင်းက တာဝန်ယူ၍ ကျွေးမွေးသည်။ စာရေးသူတို့ ရောက်သွားချိန်တွင် စာသင်နေချိန်ဖြစ်ရာ ဖိနပ်များ စီတန်းညီညာ ချွတ်ထားပုံကို တွေ့ခဲ့ရသည်။

ကျောင်းအုပ်ဆရာကြီးမှာ ဦးနိုင်အောင်မိုး (ဗိုလ်ကြီးအငြိမ်းစား)ဖြစ်သည်။ ကျောင်းဆရာခြောက်ဦးရှိရာ အမျိုးသားကျောင်းဆရာ သုံးဦးနှင့် အမျိုးသမီးကျောင်းဆရာမ သုံးဦးရှိပြီး စားသောက် ချက်ပြုတ်ရေး နှစ်ဦးရှိသည်။

ကျောင်းသားလေးများကို ဩကာသကန်တော့ချီးဖြင့် ရှိခိုးပြစေသည်။ အသံအနည်းငယ်ဝဲသော်လည်း ညီညီညာညာရှိသည်။

ကျောင်းဖွင့်ခြင်း၏ ရည်ရွယ်ချက်ကို မေးကြည့်ရာ

၁။ ယဉ်ကျေးမှုထိန်းသိမ်းရန်
၂။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးခိုင်မြဲရန်
၃။ တိုင်းရင်းသားတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရန်
၄။ ဤကျောင်းမှ ပညာတတ်များ ပေါ်ထွက်လာပါက မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နိုင်ကြရန်

ဖြစ်သည်ဟု ရှင်းပြပါသည်။ "အထက်တန်းအထိ ပညာမသင်နိုင်သူများကို စက်မှုလက်မှု အတတ်ပညာသင်ပေးရန် ဖြစ်ပါသည်"ဟု ကျောင်းအုပ်ဆရာကြီးက ရှင်းပြသည်။ ကျောင်းအဝင်ဝတွင် 'ဇမ္ဗူဒီပ' အမည်ပေးထားသော ကျောင်းဆောင်ရှိ၍ တောင်တန်းသာသနာပြုဆရာတော် သီတင်းသုံးသည်။ နွေရာသီတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ၊ မြန်မာစာဘာသာ၊ အခြေခံအဘိဓမ္မာဘာသာ သုံးဘာသာလုံး သင်ပေးသည်။ ကျောင်းဖွင့်ခြင်း၏ ရည်ရွယ်ချက်ကိုကြည့်လျှင် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားတို့အပေါ်ထားရှိသော စေတနာမေတ္တာမှာ ထင်ရှားလှပါသည်။ မိဘမဲ့ကလေးများကို ဦးစားပေး၍လက်ခံရာ ဤကျောင်းသည် သူတို့ဘဝ၏ အားထားရာ မှီခိုရာပင် ဖြစ်သည်။ ဤကား တဒင်္ဂမျှ တွေ့မြင်ခဲ့ရသော နေရဉ္စရာ လူငယ်ပျိုးခင်း သင်တန်းကျောင်း၏ မြင်ကွင်းဖြစ်ပါသည်။ ကျောင်းတစ်နေရာတွင် ရေးသားထားသော စာတန်းလေးများမှာလည်း မှတ်သားဖွယ်၊ လိုက်နာဖွယ်ဖြစ်သည်။

ယုံကြည်ထိုက်အောင် ရိုးသား။
အားကိုးထိုက်အောင် ကြိုးစား။
လေးစားထိုက်အောင် စွမ်းဆောင်။
တာဝန်သိခြင်းသည် ကိုယ်ကျင့်သိက္ခာ။
တာဝန်ယူခြင်းသည် ရဲစွမ်းသတ္တိ။
တာဝန်ကျေပွန်ခြင်းသည် စွမ်းဆောင်ရည်-

ဟု ရေးသားထားသည်။ နေရဉ္စရာဟူသည် မြစ်၏အမည် ဖြစ်သည်။ နေရဉ္စရာယ= မြရည်လိုလို စိမ်းညို့သောရေ ရှိသော-ဟု ရှေးဆရာများက မြန်မာပြန်ထားသည်။ စိမ်းလဲ့ကြည်လင်သော မြစ်ရေပမာ သာယာငြိမ့်ညောင်းစွာ သူတို့ဘဝ စီးဆင်းရေးကို ဖန်တီးပေးမည့် နေရဉ္စရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းပေတကား။ ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုပန်စလိ(အာခါ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၂၁ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ တာချီလိတ်ခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးသိန်းလွင်တို့က နိုင်ငံသားအရည်အချင်းရှိသူများအား တစ်ဦးချင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (ခရိုင် ပြန်/ ဆက်)

Oryx ဟိုတယ်သင်တန်းကျောင်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၄

ပြည်တွင်းပြည်ပရှိ Hotel, Restaurant များ၌ တာဝန်ထမ်းဆောင်လိုသူများအတွက်ရည်ရွယ်၍ (F&B Service နှင့် Housekeeping) သင်တန်းများကို မတ်လအတွင်း ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းများကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည့်အပြင် သင်တန်းတစ်ခု တက်ရောက်သူတိုင်း Hotel English သင်တန်းကို အခမဲ့ တက်ရောက်ခွင့်ပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် ငါးရက်၊ တစ်နေ့လျှင် ၃နာရီသင်ကြားမည်ဖြစ်ပြီး လက်တွေ့ပစ္စည်းကိရိယာပြည့်စုံစွာဖြင့် လေအေးစက်အခန်းများတွင် International Five Star Hotels များ၌ တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Oryx Institute of Career Development ယုဇနတာဝါ (၁၃)လွှာ အခန်း (၀၄၁၀) ရွှေဂုံတိုင် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၅၂၈၇၆၊ ၅၅၈၃၀၂၊ ၀၉-၅၁-၂၆၂၉၅ e-mail: oryxintl@gmail. com တို့သို့ စုံစမ်း ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၁၄

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ်(၁၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၅အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ အကူးအပြောင်းတွင် အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်လျက်ရှိသည့် မြန်မာစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တွေ့ဆုံမေးမြန်းတင်ပြထားသည့် စက်မှုနိုင်ငံအဆင့်ဖြစ်ရန် GDP ရာခိုင်နှုန်း ၄၀ကျော်ရှိအောင်ကြိုးစားရမည် မျက်နှာဖုံးဆောင်းပါး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများစီးဝင်မှုအခြေအနေနှင့် ပုဂ္ဂလိကဖွံ့ဖြိုးနိုင်မှုအလားအလာများကို လေ့လာဆန်းစစ် သုံးသပ်ထားသော အာဆီယံ အပိုင်းအဝန်းထဲမှ ပုဂ္ဂလိကကဏ္ဍကို ပိုမိုခွင့်ပြုပေးထားတဲ့နိုင်ငံတွေ ပိုပြီးတိုးတက်တာတွေ့ရ သတင်းဆောင်းပါးများနှင့်အတူ မောင်ဝံသ၊ ဒေါက်တာအောင်ခင်ဆင့်၊ နေဇင်လတ်တို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို တင်ဆက်ထားသည်။

ထို့ပြင် မြန်မာပို့စ်ဂျာနယ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၀၀ကျော်ပါသည့် ရေပေါ်ဂေဟာအပျော်စီးသင်္ဘောကြီး ရန်ကုန်မြို့သို့ရောက်ရှိ၊ Cherry FM မှ တစ်ချိန်ကနာမည်ကြီးတိပ်ခွေဇာတ်လမ်း ၂၉ခု ထုတ်လွှင့်မည်၊ ရေယာဉ်များတွင် ခေတ်မီရေဒါစနစ်များ တပ်ဆင်အသုံးပြု၊ ရန်ကုန်မြို့တွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်ခွဲဖွင့်မည်၊ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်ကလမ်းနှင့်တံတားလုပ်ငန်းအတွက် ငွေကျပ်သိန်းပေါင်း ၄၇၀၀၀ကျော်အသုံးပြုခဲ့၊ မြန်မာနိုင်ငံတွင် ရော်ဘာ ဟက်တာနှစ်သိန်းစိုက်ရန် ဗီယက်နမ်စီစဉ်၊ ထိုင်းနိုင်ငံကတရားမဝင် အလုပ်သမား ငါးသိန်းခန့်ကို နေရပ်ပြန်ပို့မည်၊ သက်တမ်းတိုးရန် လိုအပ်သော နိုင်ငံကူးလက်မှတ်များ မတ်လတွင်ပြုလုပ်ရမည် အစရှိသည့် ပြည်တွင်းသတင်းများနှင့်အတူ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးသတင်းများ၊ ပြည်တွင်းပြည်ပ အနုပညာသတင်းများ၊ နိုင်ငံတကာ အားကစား၊ ကမ္ဘာ့တစ်လွှားထူးခြားဖြစ်စဉ်များ စသည့် ကဏ္ဍများ စုံလင်စွာ ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

M.V. The World အပျော်စီးသင်္ဘော ရန်ကုန် သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ရောက်လာ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံသို့ ယခုပွင့်လင်းရာသီအတွင်း ကမ္ဘာလှည့်ခရီးသည် အများအပြားလာရောက်လည်ပတ်လျက်ရှိပြီး ယနေ့မွန်းလွဲပိုင်းတွင် M.V. The World အပျော်စီးသင်္ဘောသည် ရန်ကုန် သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။

ကြိုဆို

အဆိုပါ M.V.The World အပျော်စီးသင်္ဘောမှ ကမ္ဘာလှည့်ခရီးသည်များအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ ကြိုဆိုကြသည်။

သွားရောက်လည်ပတ်

အဆိုပါ M.V.The World အပျော်စီးသင်္ဘောသည် ကမ္ဘာလှည့်ခရီးသည် ၁၂၀နှင့် သင်္ဘောအမှုထမ်း ၁၇၇ ဦးတို့လိုက်ပါလျက် မတ် ၁၁ ရက်က ထိုင်းနိုင်ငံ ဖူးကက်ဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ဝင်ရောက်၍ ကော့သောင်း၊ သူငွေးကျွန်း၊ ကျွန်းဖီလာနှင့် မတ် ၁၂ရက်တွင် လန်ပိကျွန်းတို့၌ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး ယနေ့တွင် ရန်ကုန်သီလဝါ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ရောက်ရှိကြခြင်းဖြစ်သည်။ အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် မတ် ၁၅ရက်မှ ၁၈ရက်အထိ အဖွဲ့များခွဲ၍ ရန်ကုန်မြို့တွင်း၊ ပဲခူးမြို့နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့ သွားရောက်လည်ပတ်ကြမည် ဖြစ်သည်။

ဆက်လက်ထွက်ခွာမည်

မတ် ၁၈ရက်တွင် ရန်ကုန်မှ သံတွဲ ငပလီကမ်းခြေသို့ M.V.The World အပျော်စီးသင်္ဘောဖြင့် သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး မတ် ၂၀ရက်တွင် ငပလီကမ်းခြေမှတစ်ဆင့် အိန္ဒိယသမ္မတနိုင်ငံ ပို့ဘလဲ ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည် ဖြစ်သည်။

အလားတူ ကမ္ဘာလှည့်ခရီးသည် ၇၄ ဦး လိုက်ပါလာသော M.V.Spirit of Oceanus အပျော်စီးသင်္ဘောသည်လည်း ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းသို့ ဆိုက်ရောက်လာပြီး ယနေ့နှင့် မတ် ၁၅ရက်တို့တွင် ရန်ကုန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်၊ ပဲခူးနှင့် ပုဂံမြို့၊ သံတွဲ၊ ငပလီကမ်းခြေများသို့ သွားရောက်လည်ပတ်ကြမည့် ကမ္ဘာလှည့်ခရီးသည်နှင့် သင်္ဘောအမှုထမ်းများ လိုက်ပါလာသည့် M.V.The World အပျော်စီးသင်္ဘော ရန်ကုန် သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့ဝင်များသည် သရက်-မင်းလှ ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ရထားဖြင့် လိုက်ပါကြမည့် ခရီးသွားပြည်သူများအား အမှတ်တရ လက်ဆောင်များကို ပေးအပ်ကြကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် သရက်-မင်းလှ အထူးရထား စတင်ထွက်ခွာမှုကို ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သရက်-မင်းလှ ရထားလမ်းပိုင်းကို ၂၀၀၇ခုနှစ် ဧပြီ ၁ရက်တွင် စတင် ဖောက်လုပ်ခဲ့ပြီး စုစုပေါင်းခရီးမိုင် ၅၂ ဒသမ ၇၀မိုင်၊ တံတားကြီး၊ တံတားငယ် ၁၄၈စင်းနှင့် ဘူတာ ၁၀ဘူတာတို့ကို တည်ဆောက်ထားသည်။

အခမဲ့ပြေးဆွဲပေးမည်

ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်း အမှတ်အဖြစ် မတ် ၁၅ရက်မှစ၍ သုံးရက်တိုင် သရက်-မင်းလှ ရထားခရီးစဉ်ကို အခမဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်သာရှိခဲ့ရာ တပ်မတော် အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်သည့် သရက်-မင်းလှ ရထားလမ်းပိုင်းအပါအဝင် ရထားလမ်းအရှည် ၁၄၃၃ဒသမ ၇၃မိုင် ထပ်မံတိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့ ရထားလမ်းအရှည် စုစုပေါင်း ၃၄၁၀ဒသမ ၀၈မိုင်ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက ဘူတာပေါင်း ၄၈၇ဘူတာသာ ရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်သည့် သရက်-မင်းလှလမ်းပိုင်းရှိ ဘူတာ ၁၀ဘူတာအပါအဝင် ၃၈၁ဘူတာကို တိုးချဲ့ တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ ဘူတာစုစုပေါင်း ၈၆၈ဘူတာကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တံတားကြီး၊ တံတားငယ်စုစုပေါင်း အစင်း ၅၆၅၀ ရှိခဲ့ရာမှ တပ်မတော် အစိုးရလက်ထက်တွင် ၅၂၅၈စင်း ထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး၊ တံတားငယ်စုစုပေါင်း ၁၀၉၀၈ စင်းကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပြီး နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ မိုးတားကြီး-ဗန်းမော်ရထားလမ်း ၈၁ဒသမ ၃၂မိုင်၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆မိုင်၊ ထားဝယ်-မြိတ် ရထားလမ်း ၁၃၂ဒသမ ၅၀မိုင်၊ မင်းဘူး-အမ်း-ရေချမ်းပြင် ရထားလမ်း ၂၄၅ဒသမ ၅၄မိုင်၊ ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ)ရထားလမ်း ၈၉မိုင်၊ ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်ရထားလမ်းမိုင်၁၂၀၊ ဟင်္သာတ-ညောင်တုန်းရထားလမ်း ၄၈မိုင်၊ မင်းလှ-ကျွန်းချောင်း ရထားလမ်း ၁၃၈ ဒသမ ၁၆မိုင်နှင့် ရှာတော်-ကန်ပြား ရထားလမ်း ၆၅ဒသမ ၂၀မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင်လည်း ပခုက္ကူမြို့ ပခုက္ကူ ဘူတာအနီးရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ၌ သစ်သားဇလီဖားတုံးအစား ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးသုံးစွဲနိုင်ရေးအတွက် ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ) ထပ်မံတိုးချဲ့တည်ဆောက်နေမှု အခြေအနေ၊ စမ်းသပ်ထုတ်လုပ်မှု အခြေအနေ၊ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး၏ သက်တမ်းနှင့် စံချိန်စံညွှန်း၊ သစ်သား ဇလီဖားတုံးနှင့် ကွန်ကရစ်ဇလီဖားတုံးတို့၏ ခံနိုင်ဝန်၊ ကုန်ကျစရိတ်တို့၏ နှိုင်းယှဉ်မှု အခြေအနေ၊ လက်ရှိ ကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်နိုင်မှုနှင့် နောင်ထုတ်လုပ်နိုင်မည့် အခြေအနေ၊ ရထားလမ်းများတွင် ကွန်ကရစ်ဇလီဖားတုံး ထည့်သွင်းပြီးစီးမှုနှင့် ထပ်မံလိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ကွန်ကရစ် ဇလီဖားတုံး ထုတ်လုပ်သုံးစွဲမှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီးသည် စက်ရုံ၌ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားတုံးများ စမ်းသပ်ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားတုံး၏ ခံနိုင်ဝန် စမ်းသပ်စစ်ဆေးနေမှုနှင့် ဇလီဖားတုံး၌ တပ်ဆင်သုံးစွဲသည့် Clip များ ထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ စီမံကိန်းအင်ဂျင်နီယာနှင့် စက်ရုံမှူးတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကွန်ကရစ်ဇလီဖား စက်ရုံ(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းကို ပခုက္ကူမြို့တွင် ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးများကို စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်၍ စက်ရုံကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

တွက်ခြေကိုက်

ကွန်ကရစ် ဇလီဖားတုံးသည် သံလမ်းရွေ့လျားမှုကို ထိန်းသိမ်းနိုင်သည့်အပြင် သစ်သားဇလီဖားတုံးထက် သက်တမ်းများစွာ ပိုမိုအသုံးပြုနိုင်သည်။ ထို့အပြင် သစ်သား ဇလီဖားတုံးထက် ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာသဖြင့် စီးပွားရေးအရလည်း တွက်ခြေကိုက်မှုရှိသည်။

မြန်မာ့မီးရထားတွင် တည်ဆောက်ပြီးဖြစ်သော ကွန်ကရစ်ဇလီဖားစက်ရုံ (မြစ်ငယ်)၊ ကွန်ကရစ်ဇလီဖားစက်ရုံ (ပြွန်တန်ဆာ)နှင့် ကွန်ကရစ်ဇလီဖား စက်ရုံ(မုတ္တမ)တို့၌ လက်ရှိ ကွန်ကရစ် ဇလီဖားတုံး ထုတ်လုပ်နိုင်မှုသည် တစ်နှစ် လျှင် ကွန်ကရစ်ဇလီဖားတုံး ၆၀၀၀၀၀ ဖြစ်သည်။

ထုတ်လုပ်နိုင်

ထို့အပြင် ပခုက္ကူစက်ရုံ အပါအဝင် တည်ဆောက်ဆဲ ဥသျှစ်ပင်၊ ခင်ဦး၊ မင်းဘူးနှင့် ရွှေညောင်တို့ရှိ ကွန်ကရစ်ဇလီဖား စက်ရုံငါးရုံမှ တစ်နှစ်လျှင် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး စုစုပေါင်း ၁၀၀၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ် သည်။

လက်ရှိ တည်ဆောက်လျက်ရှိသော ကွန်ကရစ်ဇလီဖားစက်ရုံများ အားလုံး ပြီးစီး၍ ထုတ်လုပ်ပါက တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး ၁၆သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ ရထားလမ်းများအတွက် ကွန်ကရစ် ဇလီဖားတုံး လိုအပ်ချက်ကို ငါးနှစ်အတွင်း အလုံအလောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ သရေကျသွားပြီ မကွေး F. C နိုင်ပွဲရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း ➤ ဖိုးသော်ဇင်

ရန်ကုန် မတ် ၁၄

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ ကျင်းပခဲ့ပြီး သုဝဏ္ဏကွင်းမှာ ဖွင့်ပွဲအခမ်းအနားကိုပါ ကျင်းပခဲ့ပါတယ်။

အားပါးတရဖျော်ဖြေပေး

ဖွင့်ပွဲအခမ်းအနားကို ဖျော်ဖြေရေး အစီအစဉ်တွေနဲ့အတူ မန္တလေးမြို့ကလိုပဲ ခမ်းနားစွာ ကျင်းပခဲ့ပါတယ်။ The Three Band DJ သော်သော်တို့နဲ့အတူ R ဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ကောင်းမြတ်၊ ဩရသ၊ ဖြူဖြူကျော်သိန်း၊ သဇင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ အေသင်ချိုဆွေ၊ Jenny တို့က သီဆိုဖျော်ဖြေခဲ့ကြပါ

ရန်ကုန်ယူနိုက်တက်မှ ဂျူလီယိုနှင့် ကမ္ဘောဇနောက်ခံလူ မိုးဝင်းတို့ အကြိတ်အနယ်။ (မြန်မာ့အလင်း)

တယ်။ အနုပညာရှင်များက လာရောက်ကြည့်ရှုအားပေးတဲ့ ပရိသတ်တွေကို စင်ပေါ်မှာသာမက ကားငယ်လေးနဲ့ ကွင်းထဲပတ်ကာ အားပါးတရ ဖျော်ဖြေပေးခဲ့ကြပါတယ်။

အဲဒီနောက်မှာ ရန်ကုန်မြို့တွင် အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြမယ့် ကမ္ဘောဇအသင်းနဲ့ ရန်ကုန်ယူနိုက်တက်အသင်းတို့ ကွင်းအတွင်း နေရာယူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ ကမ္ဘောဇအသင်း ဥက္ကဋ္ဌ ဦးမိုးဆန်းအောင်တို့က လိုက်လံနှုတ်ဆက်ခဲ့ကြပါတယ်။

ကမ္ဘောဇ - ဂိုးမရှိ။
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ။

ရန်ကုန်ယူနိုက်တက်အသင်းဟာ အဖွင့်ပွဲစဉ်မှာ အနိုင်ရဖို့ ကြိုးစားခဲ့ပေမယ့် သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့မှာ အကောင်းဆုံး ပုံစံရခဲ့ပြီး ခြေစွမ်းပြခဲ့တဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ အခုပွဲမှာ အသစ်ခေါ်ယူထားတဲ့ နိုင်ငံခြားသားတွေ ခြေစွမ်းမပြနိုင်တာကြောင့် နိုင်ပွဲနဲ့ ဝေးခဲ့ရတာ ဖြစ်ပါတယ်။

အပိုင်ကန်သွင်း

ရန်ကုန်ယူနိုက်တက်အသင်းမှာ မျိုးမင်းထွန်း၊ အောင်အောင်ဦး၊ ဌေးအောင်နဲ့ အသစ်ခေါ်ယူထားတဲ့ ဇော်ထက်အောင်တို့အပြင် နိုင်ငံခြားသား ကစားသမားငါးဦးစလုံး ပါဝင်ခဲ့ပါတယ်။ ပထမပိုင်းမှာ ဖိကစားနိုင်ခဲ့ပေမယ့် ရှေ့မှာ ဘရာဇီးကစားသမား ဂျူလီယိုနဲ့ ဂါနာကစားသမား အဲရစ်ဆာကီတို့ အတွဲမညီခဲ့ပါဘူး။ ဒါ့အပြင် ကွင်းလယ်ကလည်း ထိရောက်တဲ့ပံ့ပိုးမှုတွေ မပြုလုပ်နိုင်ခဲ့လို့ ရန်ကုန်တိုက်စစ် မထိရောက်ခဲ့ပါဘူး။ ကမ္ဘောဇ အသင်းကလည်း စိုးမြတ်မင်း၊ ခင်မောင်လွင်၊ မိုးဝင်း၊ စိုးမင်းဦးတို့နှင့် လူစုံပါဝင်ခဲ့ပြီး ခံစစ်ကိုလုံအောင်လုပ်ပြီးမှ တိုက်စစ်ဆင်ဖို့ကြိုးစားခဲ့ပါတယ်။ ပထမပိုင်းအစမှာ ကျော်သီဟ အပိုင်ကန်သွင်းခွင့်ရခဲ့ပေမယ့် လွဲချော်ခဲ့လို့ ကမ္ဘောဇနစ်နာခဲ့ရပါတယ်။

တောက်လျှောက် ဖိကစား

ဒုတိယပိုင်းမှာတော့ ဂိုးရဖို့ ကစားအားတင်လာတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ တောက်လျှောက် ဖိကစားနိုင်ခဲ့ပါတယ်။ ရန်ကုန်အသင်း ဖိကစားနိုင်ခဲ့သလို ဂိုးရနိုင်တဲ့အခွင့်အရေးတွေ ရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့လို့ အများကြီးနစ်နာခဲ့ရပါတယ်။ တိုက်စစ်မှူး အဲရစ်ဆာကီအပိုင်ဂိုးသွင်းခွင့်တွေ အသုံးမချနိုင်ခဲ့တာကြောင့် ရန်ကုန်နိုင်ပွဲနဲ့ လွဲချော်ခဲ့ရပါတယ်။

ဗထူးကွင်း

မကွေးF.C - နှစ်ဂိုး။
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

ပြီးခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်တွေ ဆိုးရွားခဲ့တဲ့ မကွေး F.C ကတော့ အခုပြိုင်ပွဲမှာ အနိုင်ရလဒ်နဲ့ တာထွက်နိုင်ခဲ့ပါတယ်။ အသင်းသစ် ဇွဲကပင်ယူနိုက်တက်ကတော့ MNL အတွေ့အကြုံနည်းသေးတာကြောင့် ပထမပိုင်းမှာ မကွေး F.C ကို မယှဉ်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ အပြန်အလှန် ကစားနိုင်ခဲ့ပါတယ်။ အနိုင်ဂိုးတွေကို ၁၂မိနစ်မှာ စိုးမင်းနိုင်၊ ၃၄ မိနစ်မှာ ပြည့်ဖြိုးဦးတို့က သွင်းယူခဲ့ ကြပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ညနေ ၄နာရီ

မနောမြေ F.C - ဥဿာယူနိုက်တက်

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(၂၀၁၀) ဆုပေးပွဲနှင့်ညစာစားပွဲ အခမ်းအနားကို မတ် ၂၁ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Royal Mingalardon Golf & Country Club ၌ ကျင်းပမည် ဖြစ်သည်။

စာရင်းပေးနိုင်

ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၂၀၁) ဖုန်း-၃၉၇၂၅၉၊ ၀၉-၈၅-၁၅၁၀၆နှင့် e-mail-mhacentral@gmail.com တို့သို့ မတ် ၁၉ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မသုံးတတ်က
မီးရန်က
ဒုက္ခပေးလိမ့်မည်

မြန်မာ့အလင်း ဖောင်ပိတ် ပရီမီယာလိဂ်သတင်း

တိုက်စစ်မှူးရွန်နေ နှစ်ဂိုးသွင်းယူ မန်ယူတို့ ဇယားထိပ်တွင် ပြန်လည်ဦးဆောင်

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် မတ် ၁၄

ပရီမီယာလိဂ်ချန်ပီယံ မန်ယူတို့သည် မတ် ၁၄ရက် ညပိုင်းက ပရီမီယာလိဂ် ပွဲစဉ်(၃၀)အဖြစ် အိမ်ကွင်း၌ ဖူလ်ဟမ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတိုက်စစ်မှူးရွန်နေက ခြေစွမ်းပြဂိုးများဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ ပြန်လည်ပို့ပေးနိုင်ခဲ့သည်။

မန်ယူနှင့် ဖူလ်ဟမ်တို့သည် ပွဲစသည်နှင့် အပြန်အလှန်အကြိတ်အနယ် ထိုးဖောက်ကစားသော်လည်း ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ကြပေ။ မန်ယူတိုက်စစ်မှူးများ ဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားသော်လည်း ဖူလ်ဟမ်ကစားသမားများ ပိတ်ဆို့ကစားခဲ့သည်။

ဒုတိယပိုင်း

သို့သော် ဒုတိယပိုင်းပြန်စပြီး တစ်မိနစ်အတွင်းမှာပင် တိုက်စစ်မှူးရွန်နေက နာနီ၏ ဖြတ်တင်ဘောမှတစ်ဆင့် လှလှပပ အဖွင့်ဂိုးသွင်းယူလိုက်သည်။ မန်ယူတို့ အနိုင်ဂိုးများ ထပ်မံသွင်းယူရေး တိုက်စစ်အရှိန်မြှင့်ကစားရာ ပွဲပြီးရန်ခြောက်မိနစ်အလိုတွင် တိုက်စစ်မှူးရွန်နေကပင် မန်ယူအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့ပြန်သည်။ ယင်းဂိုးမှာ ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် သွင်းယူပေးခဲ့သည့် ၂၅ ဂိုးမြောက် ဂိုးဖြစ်သည်။ ယင်းဂိုးသွင်းပြီး မကြာမီ ပတ်ဂျီဆန်၏ ဖြတ်တင်ဘောမှတစ်ဆင့် တိုက်စစ်မှူးဘာဘာတော့ဗ်က မန်ယူအတွက် ခေါင်းတိုက်ဂိုးဖြင့် တတိယပွဲသိမ်းအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ မန်ယူတို့ ယင်းပွဲအနိုင်ရခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မန်ယူအတွက် ဒုတိယအနိုင်ဂိုးကို တိုက်စစ်မှူးရွန်နေက ဤသို့သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်နိုင်

ယမန်နေ့က ဟူးလ်စီးတီးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ မန်ယူ၊ ချယ်လ်ဆီးတို့နှင့် ဆက်လက်အားပြိုင်နေဆဲဖြစ်သည်။ **(အင်တာနက်)**

ပွဲစဉ်(၃၀)အပြီး ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၃၀	၂၁	၃	၆	၆၆
၂	ချယ်လ်ဆီး	၂၉	၂၀	၄	၅	၆၄
၃	အာဆင်နယ်	၃၀	၂၀	၄	၆	၆၄
၄	စပါး	၂၉	၁၅	၇	၇	၅၂
၅	မန်စီးတီး	၂၇	၁၃	၁၀	၄	၄၉
၆	လီဗာပူး	၂၉	၁၄	၆	၉	၄၈
၇	အက်စ်တွန်ဗီလာ	၂၇	၁၂	၁၀	၅	၄၆
၈	ဘာမင်ဂမ်	၂၉	၁၂	၈	၉	၄၄
၉	အဲဗာတန်	၂၉	၁၁	၉	၉	၄၂
၁၀	ဖူလ်ဟမ်	၂၉	၁၀	၈	၁၁	၃၈
၁၁	စတုတ်စီးတီး	၂၉	၈	၁၂	၉	၃၆
၁၂	ဘလက်ဘန်း	၂၉	၉	၇	၁၃	၃၄
၁၃	ဘော်လ်တန်	၃၀	၈	၈	၁၄	၃၂
၁၄	ဆန်းဒါးလန်း	၂၈	၇	၉	၁၂	၃၀
၁၅	ဝီဂန်	၂၉	၇	၇	၁၅	၂၈
၁၆	ဝက်စ်ဟမ်း	၂၉	၆	၉	၁၄	၂၇
၁၇	ဝူလ်ဗာဟမ်တန်	၂၉	၇	၆	၁၆	၂၇
၁၈	ဘန်လေ	၃၀	၆	၆	၁၈	၂၄
၁၉	ဟူးလ်စီးတီး	၂၉	၅	၉	၁၅	၂၄
၂၀	ပို့စ်မောက်	၂၈	၅	၄	၁၉	၁၉

စီးရီးအေပွဲစဉ်(၂၈)အနိုင်အရှုံး

ဘိုလော့ဂ်နာ	၁-၁	ဆမ်ဒိုးရီးယား	လီဗော်နို	၃-၃	ရိုးမား
ဂျီနိုအာ	၅-၃	ကက်ဂလီယာရီ	ပါးမား	၁-၀	အတ္တလန္တာ
ဂျူဗင်းတပ်စ်	၃-၃	ဆီနာ	အူဒီးနိစ်	၃-၂	ပါလာမို
လာဇီယို	၀-၂	ဘာရီ	နာပိုလီ	၁-၃	ဖီအိုရင်တီးနား

(အင်တာနက်)

● *ကျောက်ဖုံးမှ*

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပို့ဆောင်ရေးသည် အရေးပါသည့်အခန်းမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ၌ မရှိမဖြစ်လိုအပ်သော ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့အကြား ဆက်သွယ်သော ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (နောင်ချို)ကို ၂၀၀၅ ခုနှစ် ဇွန်လ ၆ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

သံကူကွန်ကရစ်အမျိုးအစား

ဒုဋ္ဌဝတီတံတား (နောင်ချို)ကို ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း မိုင်တိုင်အမှတ် (၁၁၅/၄)၌ တည်ဆောက်ထားပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတားအရှည် ၄၆၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ ပေ ၈၀နှင့် အမြင့် ၁၈ပေ ရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ ဖြစ်သည်။ နိုင်ငံတော်၏ စေတနာတရားဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် ပြည်နယ်တစ်ဝန်း လွယ်ကူချောမွေ့စွာဖြင့် သွားရောက်နိုင်ကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အရှေ့ပိုင်းဒေသများတွင် မိုးထစ်ချုန်းဖွယ်

နေပြည်တော် မတ် ၁၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ဖဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၁၅ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းမြောက်ပိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရောင်းအားမြှင့်တင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၄

ထည်ဝါဝင်းထရိတ်ဒင်း ကုမ္ပဏီလီမိတက်က တင်သွင်းဖြန့်ချိသော Changhong အမှတ်တံဆိပ် Electronic ပစ္စည်းများ အရောင်းမြှင့်တင်ခြင်းနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၃ ရက် ညနေ ၆နာရီက ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အဆိုပါအခမ်းအနားတွင် ထည်ဝါဝင်းထရိတ်ဒင်း ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးသူရအောင်(**အပေါ်ပုံ**)က Changhong Electronic ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ ဦးမြင့်အောင်က အရောင်းကိုယ်စားလှယ်ကြီးများအား ဆုများချီးမြှင့်ခဲ့သည်။

Changhong Electronic ကုမ္ပဏီသည် တရုတ်နိုင်ငံ၏ အထင်ကရ Electronic ကုမ္ပဏီများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကုမ္ပဏီရုံးခွဲများ ဖွင့်လှစ်ထားရှိသည်။ Changhong သည် ကမ္ဘာ့အခိုင်မာဆုံးတံဆိပ် ၅၀၀အနက် ၂၉၉ နေရာရောက်ရှိနေပြီး တရုတ်နိုင်ငံ၏ ရောင်းအားအကောင်းဆုံး Electronic ဆု၏ နံပါတ်တစ်နေရာတွင် ၁၅ နှစ်တိုင်တိုင် အဆက်မပြတ်ရရှိခဲ့သည်။

ဖြန့်ဖြူးရောင်းချ

ထည်ဝါဝင်းထရိတ်ဒင်း ကုမ္ပဏီမှ Changhong အမှတ်တံဆိပ် ရုပ်သံကြည်လင်ပြတ်သားသည့် LCD TV များတွင် 42",37",32",22",19",15.6" နှင့် Plasma TV 50"၊ သာမန် CRT TV 21"နှင့် 29" TV များကို တင်သွင်းဖြန့်ချိရောင်းချလျက်ရှိသည်။ ယခုနှစ် ၂၀၁၀ ခုနှစ်တွင်လည်း ဈေးကွက်အတွင်းသို့ အရည်အသွေးမြင့်မားပြီး ၄၅ ရာခိုင်နှုန်း မီးစားသက်သာသော Q Serie DC Inverter နှင့် R serie တွင် 1HP များ 10000 BTU, 1.5 HPမှာ 13000 BTU ဖြင့် ဖြန့်ဖြူးရောင်းချပေးနေပြီဖြစ်သည်။

ထည့်သွင်းအသုံးပြု

အအေးနှုန်းမြင့်မား၍ ကျန်းမာရေးနှင့် ညီညွတ်သော Wall Mounted Split Type, Window, Portable, Corner Ceiling, Ceiling Cassette, Duct Type, Floor Standing စသည့် Air-Con အမျိုးမျိုးကို 0.5 Horse Power မှ 25.0 Horse Power အထိ ဝယ်ယူရရှိနိုင်ကြောင်းနှင့် အဆိုပါပစ္စည်းများတွင် Sanyo, Hitachi, Toshiba, Daikin အစရှိသည့် နာမည်ကြီး Japanese Compressor ပစ္စည်းများ ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

ခေတ်မီဆန်းသစ်သည့် နည်းပညာဖြင့် ထုတ်လုပ်ထားပြီး ဆန်းပြားသည့် ဒီဇိုင်းစုံ၊ အရည်အသွေးစုံ ရရှိနိုင်ပြီး မီးစားသက်သာကာ အအေးနှုန်းအားကောင်းမွန်သည့် Air-Con များနှင့် Electronic ပစ္စည်းများကို ဝယ်ယူလိုပါက ထည်ဝါဝင်းထရိတ်ဒင်း ကုမ္ပဏီလီမိတက် အမှတ် ၅၉(ဘီ) အင်းလျားမြိုင်လမ်း ရွှေတောင်ကြား(၁) ရပ်ကွက် ဗဟန်းမြို့နယ် ဖုန်း-၅၃၇၁၁၅၊ ၇၀၁၈၄၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ်၌ သုံးထပ်တိုက်တစ်လုံး ပြိုကျ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့်ရှိ သုံးထပ်တိုက်တစ်လုံး ယနေ့ညနေ ၄နာရီ ၄၅မိနစ်ခန့်တွင် ပြိုကျခဲ့ကြောင်း၊ အဆိုပါတိုက်၏ အထပ်သုံးထပ်စလုံးတွင် လူနေထိုင်လျက်ရှိပြီး တိုက်ပြိုကျမှုကြောင့် ၁၅နှစ် အရွယ်အမျိုးသမီးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သစ္စာသည်သာ အားကိုးရာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၀)
- ၈:၃၀ Premier League Highlight
- ၈:၅၅ မွန်မြတ်လှတဲ့အလှူ ဝါးချက်ဗီဇိတဒါနတွင် ကုသိုလ်ယူ
- ၉:၂၀ Global Panorama
- ၁၀:၁၅ Activities in the City (အထက-၁၊ ပုဇွန်တောင် အာစရိယပူဇော်ပွဲ) -မြန်မာနိုင်ငံ ကျန်းမာရေးသုတေသန ညီလာခံဖွင့်ပွဲအခမ်းအနား
- ၁၀:၄၀ International Show Biz
- ၁၀:၅၅ ရတနာစစ်တို့ရဲ့ ဘူမိနတ်သန်
- ၁၁:၂၅ Shooting Making **ရှာပုံတော်ကိုကို** ဇာတ်ကား ရိုက်ကွင်း
- ၁၁:၄၀ **လူဖြစ်ရှုံးပါပြီကွာ** ရုပ်ရှင်သရုပ်ဆောင်များ (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၁:၄၅ လှမ်းခဲ့ပါဆွေ မနောမြေ
- ၁၂:၀၀ စာအုပ်ပြခန်း Hello Madam Fashion Catalouge ထုတ်ဝေသူ မစိုးယုဝေနှင့် တွေ့ဆုံခြင်း
- ၁၂:၂၀ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး (ဒေါက်တာ-ခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၁:၀၀ **သစ္စာသည်သာ အားကိုးရာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်ဖွင့်ပွဲအခမ်းအနား
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၀)
- ၄:၀၀ **မူဟန်ကိုစီတေးကိုသီ**
- ၄:၁၀ လျှပ်စစ်လိုင်းများဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၂)
- ၄:၃၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျာ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၄:၅၀ အနုပညာရပ်ဝန်းမှ ရန်ခုန်သံများ **မှားခွင့်** ရိုက်ကွင်းအမှတ်တရ
- ၅:၁၀ မွန်မြတ်လှတဲ့ အလှူဝါးချက်ဗီဇိတဒါနတွင် ကုသိုလ်ယူ
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၃၅ အနုပညာမိုးကောင်းကင်
- ၇:၀၀ စကားနပန်း ဒါရိုက်တာနှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
- ၇:၂၅ စာအုပ်ပြခန်း Hello Madam Fashion Catalouge ထုတ်ဝေသူ မစိုးယုဝေနှင့်တွေ့ဆုံခြင်း
- ၇:၄၀ Shooting Making **ရှာပုံတော်ကိုကို** ဇာတ်ကား ရိုက်ကွင်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်ဖွင့်ပွဲအခမ်းအနား
- ၉:၁၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျာ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၀)
- ၁၀:၀၀ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး (ဒေါက်တာ-ခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၅၀ အနုပညာမိုးကောင်းကင်
- ၁၁:၁၅ စကားနပန်း ဒါရိုက်တာနှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
- ၁၁:၄၀ လူငယ် ITပညာရှင်များနှင့် Software Engineering
- ၁၂:၀၅ တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
- ၁၂:၁၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Liverpool - Portsmouth	ESPN (Live)
	Liverpool - Portsmouth	MRTV-4 (Live)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဆေးရွက်ကြီးမီးခိုးငွေ့ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၄)ရှိ အိမ်တစ်အိမ်မှ ဆေးရွက်ကြီးများကို မီးရှို့ကျိုချက်နေသဖြင့် မီးခိုးငွေ့များအား ရပ်ကွက်နေပြည်သူများ နေ့စဉ်ရှူရှိုက်နေရပါသောကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

ငရုတ်သီးအညှော်နံ့ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မန္တလေးတိုင်း စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက် ဈေးအောင်မြေ ၄လမ်းရှိ မုန့်တီဖိုဲ့၌ ငရုတ်သီးအညှော်နံ့နှင့် အမှတ်(၂)ရပ်ကွက် နေ့ကလေးထိန်းကျောင်းမြောက်ဘက်ရှိ မုန့်ဟင်းခါးဆိုင်၏ ကြက်သွန်ကြော်နှင့် ငရုတ်သီးကြော်အညှော်နံ့တို့ကြောင့် အနီးဝန်းကျင်တွင် နေထိုင်သော လူအများ ကျန်းမာရေးထိခိုက်နေရပါသဖြင့် သင့်လျော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

မိလ္လာကျင်းများပြုပြင်ပေးပါ

စာတည်းရှင်-

ဒေါပုံမြို့နယ် ဇေယျာသီရိ ၂လမ်းနှင့် ၃လမ်း ကျောခြင်းကပ်လျက်ရှိသော မြောင်းထဲတွင် မိလ္လာတွင်းများမှ ပြည့်လျှံကာကျလာသော အညစ်အကြေးများကြောင့် အနံ့ဆိုးများထွက်ရှိခြင်း၊ မြောင်းများမသန့်ရှင်းခြင်းကြောင့် ခြင်များပေါများကာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသောကြောင့် ပြည့်လျှံနေသော မိလ္လာတွင်းများပြုပြင်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများမခံနိုင်သူ

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဈေးအနောက်လမ်းတွင် ဈေးရောင်းချလျက်ရှိသော ပုံကျဈေးသည်များသည် ကားလမ်းမပေါ်အထိ တက်ရောက်၍စည်းကမ်းမဲ့စွာ ဈေးရောင်းချလျက်ရှိရာ ကားသွားကားလာနှင့်၄င်းလမ်းနေပြည်သူများ အနှောင့်အယှက်ဖြစ်ရပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ညောင်လေးပင်သား

ပလက်ဖောင်းပေါ်မှဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး ခြောက်ကွေ့မီးပွိုင့်အနီး (ည) ရပ်ကွက်ခြမ်းတွင် ရေမြောင်းကျော်၍ ဆိုင်တစ်ဆိုင် အခိုင်အမာတည်ဆောက်ထားပါသဖြင့် လမ်းသွားလမ်းလာများ သွားလာရန် ခက်ခဲသည့်အပြင် ယာဉ်ကြောပိတ်ဆို့၍ ယာဉ်တိုက်မှုလည်း မကြာခဏဖြစ်ပေါ်နေပါသောကြောင့် အဆိုပါ ရေမြောင်းကျော်၍ တည်ဆောက်ထားသောဆိုင်နှင့် အခန်းများအား စိစစ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

ဖိနပ်ဆိုင်ပေါ်မှ မီးစက်ကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ဘုရင့်နောင်လမ်းနှင့် စိတ္တသုခလမ်းထိပ်ရှိ ဖိနပ်ဆိုင်တွင် မီးစက်ကို လူနေဆိုင်ခန်းအပေါ်ထပ်တွင် တင်မောင်းနေသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြပါသည်။

ဘုရင့်နောင်လမ်းသား

ရပ်ကွက်အတွင်းမှ အနံ့ဆိုးလုပ်ငန်း ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ(၈)လမ်းရှိ အိမ်တစ်အိမ်၌ ငါးပိ၊ ငံပြာရည်လုပ်ငန်း လုပ်ကိုင်နေပါသဖြင့် ပတ်ဝန်းကျင်တွင်နေထိုင်သော ပြည်သူများမှာ အနံ့ဆိုးများအချိန်နှင့်အမျှ ရှူရှိုက်နေရပါသောကြောင့် ကျန်းမာရေးထိခိုက်လျက်ရှိရာ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဘီလပ်မြေမှုန့်ကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၃၀-၁၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ဈေးတန်းလမ်းမပေါ်ရှိ လူနေရပ်ကွက်အတွင်းမှ ဘီလပ်မြေဂိုဒေါင်တွင် ဘီလပ်မြေများ အတင်အချပြုလုပ်လျက်ရှိသည့်အတွက် ရပ်ကွက်နေပြည်သူများ ဘီလပ်မြေမှုန့်များကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မိတ္ထီလာမြို့၌ မုန့်ဖတ်ချဉ်နံ့ ဆောင်ရွက်ပြီးစီး

၁၄-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့နယ် ပြည်တော်သာ တိုးချဲ့ရပ်ကွက်ရှိ မုန့်ဖတ်ချဉ်နံ့များကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်း(ငြိမ်း)-(ဒေါ်ခင်အုန်းရီ)၊ (ဗိုလ်မှူးချုပ် အယ်လ်ကွန်ဖန်-ဒေါ်ညွန့်ညွန့်မာ)တို့၏မြေး၊ ဗိုလ်မှူးကြီးသောင်းထိုက်(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန-ဒေါ်အယ်လ်ခွန်းရီတို့၏ တစ်ဦးတည်းသောသား

မောင်မြတ်သီဟထိုက်

B.A(English)

Executive Director, Htoo Thar Thit Co., Ltd. နှင့်

ရန်ကုန်မြို့နေ ဦးဘထွန်း-(ဒေါ်ဝင်းကြည်)၊ (ဦးညွန့်အောင်)-ဒေါ်တင်အေးတို့၏မြေး၊ ဦးမြင့်သိန်း (Chairman, MACO Group of Companies)-ဒေါ်အေးအေးချိုတို့၏ သမီးငယ်

မယဉ်လဲ့ဝင်း

B.A(English)(YUFL), M.B.A

CEO, Kleen Co.,Ltd.

တို့၏ ၆-၂-၂၀၁၀ရက် (စနေနေ့) Traders Hotel ကုန်းဘောင် တကောင်းခန်းမ၌ ကျင်းပခဲ့သော လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားသူကြီး ဦးမြင့်အောင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးကိုကိုနိုင်အားလည်းကောင်း၊ ဒေါ်ရီရီထွန်းအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ၁-၃-၂၀၁၀ရက် (တနင်္လာနေ့) မင်းကွန်းတိပိဋက ရွှေရတုခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော အားကစားဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်အေးအေးနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂-၃-၂၀၁၀ရက် (တောင်သူလယ်သမားနေ့) Sedona Hotel Grand Ballroom ၌ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီး ဒေါ်အေးအေး၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့အားလည်းကောင်း၊ Inya Lake Hotel (Lake side) တွင် ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မလတ်သီရိထိုက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မပြည့်ပြည့်သောင်းတန်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မဖြိုးဖြိုးသောင်းတန်၊ သတို့သားအရံ မောင်ဘိုချန်ထွန်းနှင့် မောင်လူမော်သောင်းတန်၊ သတို့သမီးအရံ မမေသော်ထွန်းနှင့် မမြင့်မွန်ကျော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ ဒေါ်နွဲ့ယဉ်ဝင်းနှင့် မိတ်ကပ်စိုးစိုး၊ ဒီဇင်ဘာနှင်း၊ မင်္ဂလာဝတ်စုံ မမွန့ (Zu Zu Collection)၊ Yes I do၊ ပန်းအလှပြင် Eternal Floral မနီလာတို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးသည့် စိုင်းဘုန်းထူး၊ Studio 49 အဖွဲ့သားများနှင့် သူငယ်ချင်း စိုင်းလုံးကျောက်တို့အားလည်းကောင်း၊ ဖိတ်စာများရိုက်နှိပ်ပေးသော ဒဂုံ၊ အောင်ကျော်သိန်း၊ ရွှေအရိပ်နှင့် Soul Mate Printing House အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် တေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးပါသော ဒေါ်ရီရီသန့် တေးဂီတအဖွဲ့၊ နိုက်တင်ဂေး တေးဂီတအဖွဲ့နှင့် ဦးအောင်နိုင်စန်း၊ မေတ္တာဖြင့် သီဆိုဖျော်ဖြေပေးကြသော ပလေးဘွိုင်းတေးဂီတအဖွဲ့နှင့် ဦးသန်းနိုင်၊ တေးသံရှင် မေဆွိနှင့် စတီရီယိုတေးသံရှင်များအားလည်းကောင်း၊ Traders Hotel မှ မကြည်ကြည်သိန်း၊ Sedona Hotel မှ မမြမွှေး၊ Inya Lake Hotel မှ မနော်နှင်းဆီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်သီဟထိုက်-မယဉ်လဲ့ဝင်း။

၁၂-၃-၂၀၁၀ရက်တွင် ထုတ်လွှင့်ပြသခဲ့သော **ရသစုံလင် အင်တာနက်ဥယျာဉ်** အပိုင်း(၁၂)ဉာဏ်စမ်းအဖြေမှန်မှာ-အဒေါ်ကြီးဝယ်ခဲ့သော သကြားလုံး အရေအတွက်မှာ ၂၅၁၉လုံးဖြစ်သည်။

အဖြေမှန်သူများစာရင်း-

(၁) ဦးသန့်ဇင်အောင် ၉/မလန(နိုင်) ၁၀၈၈၁၅၊ (၂) ဒေါ်ညွန့်ညွန့်အောင် ၁၄/ပသန(နိုင်) ၁၁၂၅၅၉၊ (၃) သော်ဇင်နိုင် ၁၂/သဃက(နိုင်) ၁၅၉၁၈၅၊ (၄) သူဇာနွယ် ၁၂/သကတ(နိုင်) ၁၆၀၄၁၅၊ (၅) ဒေါ်ညွန့်ညွန့်စိန် ၁၂/လမတ(နိုင်) ၀၀၅၉၇၂၊ (၆) ယဉ်မွန်သန့် ၅/မရန(နိုင်) ၂၀၅၉၁၅၊ (၇) နေရည်မျိုးမင်း ၁၂/တမန(နိုင်) ၁၁၇၄၇၉၊ (၈) အောင်ကျော်မိုး ၈/ပခက(နိုင်) ၁၆၄၈၅၂၊ (၉) စန္ဒီမြင့်သိန်း ၁၀/မလမ(နိုင်) ၁၉၉၄၈၂၊(၁၀) မောင်သာထက်မြတ် လျှောက်ထားဆဲ၊ (၁၁) နီလာဦး MYA၀၁၈၀၈၉၊ (၁၂) ကိုသက်ဆွေ ၁၂/သကတ(နိုင်) ၁၇၁၃၉၉၊ (၁၃) ကိုကျော်သိန်း ၁၂/ပဇတ(နိုင်) ၀၀၅၅၇၂၊ (၁၄) မယဉ်လဲ့မှူ ၉/အမဇ(နိုင်) ၀၂၁၉၀၇၊ (၁၅) တင်မမစိန်ဝင်း ၅/ရဘန(နိုင်) ၁၅၅၅၈၀၊ (၁၆) ဦးအုန်းသန်း ၁၄/ကလန (နိုင်) ၀၀၃၀၁၅၊ (၁၇) သူရထက်အောင် ၁၂/တမန(နိုင်) ၁၀၇၉၀၁၊ (၁၈) ဦးအောင်မြင့် ISM ၅၀၂၉၁၁၊ (၁၉) မနီနီလွင် ၁၂/သဃက(နိုင်) ၀၃၀၆၆၅၊ (၂၀) မထက်ထက်အောင် ၁၂/တမန(နိုင်) ၁၀၇၉၆၈၊ (၂၁) ဦးမောင်မောင် ၁၂/ပဇတ(နိုင်) ၀၁၂၃၅၉၊ (၂၂) ကိုသုခ ၉/မဟာမ(နိုင်) ၀၀၅၉၂၃၊ (၂၃)မနုထက်ထက်လွင် ၁၁/စတန(နိုင်) ၀၆၉၉၀၂၊ (၂၄)ကိုသီဟဇော် ၁၂/ရကန(နိုင်) ၀၇၇၃၇၇၊ (၂၅) မဆုဝေသူ ၁၄/ဟသတ(နိုင်) ၂၇၆၂၃၇၊ (၂၆) အာကာဟိန်း ၁၂/ကမတ(နိုင်) ၀၇၁၁၉၄၊ (၂၇) နိုဇင်သော် ၁၂/သဂက(နိုင်) ၁၆၉၆၃၉၊ (၂၈) ဒေါ်စုစုဝင်းကို ၁၂/ဥကတ (နိုင်) ၀၂၄၉၉၀၊ (၂၉) ချောစုခိုင် ၁၃/လရန(နိုင်) ၀၈၀၈၀၃၊ (၃၀) မစိုးစိုးဦး ၁၂/တမန(နိုင်) ၀၂၁၀၁၅၊ (၃၁) မချယ်ရီသင်း ၉/မမန(နိုင်) ၀၀၀၀၀၅၊ (၃၂)မနှင်း နှင်းဝေ ၁၂/မရက(ဧည့်) ၀၀၀၁၇၁၊ (၃၃) မမိမိသင်း ၇/ပမန(နိုင်) ၀၁၉၄၀၅၊ (၃၄) မောင်သန်းထိုက်အောင် ၁၂/စခန(နိုင်) ၀၇၄၃၆၆၊ (၃၅)ဦးခင်ထွန်း ၁၂/တမန (နိုင်) ၀၁၀၄၉၇၊ (၃၆) မသကြီန် ၁၂/ကမရ(နိုင်) ၀၅၇၇၂၅၊ (၃၇) မသီတာအေး MMO၃၃၀၅၆၀၊(၃၈) မသွယ်သွယ်လင်း ၁၁/စတန(နိုင်) ၀၆၇၀၈၄ (၃၉)မအေးမိုးမိုးခိုင် ၁၂/အလန(နိုင်) ၀၄၁၅၆၆၊ (၄၀) ဦးခင်မြင့် ၁၂/တမန(နိုင်) ၀၈၃၉၆၁၊ (၄၁) ကျော်စိုးမျိုး ၁၂/ဥဂတ(နိုင်) ၁၂၁၄၈၅။

အဖြေမှန်သူများသည် ၁၅-၃-၂၀၁၀ရက်မှ ၂၂-၃-၂၀၁၀ရက်အတွင်း ကောင်းဟိန်းကုမ္ပဏီလီမိတက်ရုံးခန်းဖြစ်သော အမှတ် ၅၂၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ဆုကြေးငွေကျပ် ၁၀၀၀၀၀ကို ခွဲဝေပေးမှာ ဖြစ်ပါသည်။

ဟိုဘဝ က မိန်းမရယ်
ဒီဘဝ က ချစ်သူရယ်
နှစ်ယောက်ကြားမှာ
ရောက်နေရင်
သင် ဘာလုပ်မလဲ
စဉ်းစားလို့ မရရင်တော့
အချင်း မများဘဲ
ဟိုဘဝ ဒီဘဝ
ဗီဒီယိုဇာတ်လမ်းကို
ကြည့်လိုက်နော်။





အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၉အတွင်းရှိ မြေကွက်အမှတ် က/၁၅+ခ/၁၅၊ ဧရိယာဝဒသမ၁၁၅ဧကနှင့် မြေကွက်အမှတ် က/၁၆+ခ/၁၆၊ ဧရိယာဝဒသမ၁၁၄ဧကရှိသောမြေကွက်များနှင့် ယင်းမြေကွက်များရှိအဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်တင်တင်ဝင်း (W/MDY-၃၀၉၅၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒိုးသောင်-ရှမ်းဝတီး ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို မတ် ၄ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာခင်း

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရွှေပြည်အေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ကျော်သူထွန်း CDC ၅၆၀၆၃ ၏ ပင်လယ်ကူး သင်္ဘောသားမှတ်ပုံတင် S.I.D ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၀၅၆-၂၁၃၂၁။**

အမည်ပြောင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ နယ်မြေ(၅)နေ ဦးဝင်းနိုင်၄/ဟခန(နိုင်)၀၃၆၀၃၈၏ သားသမီးများဖြစ်သော အလုံတပ်မြို့ အထက(၂)၊ပဉ္စမတန်းမှမဝင်းသွင်သွင်အောင်အား မအေးချမ်းမွန်ဟုလည်းကောင်း၊ မောင်ပြည့်ခိုင်ကျော်အား မောင်ကောင်းဆက်သီဟ(ခ)ပြည့်ခိုင်ကျော်ဟု ဖြည့်စွက်ခေါ်ပါရန်။

မအေးချမ်းမွန်၊
မောင်ကောင်းဆက်သီဟ(ခ)ပြည့်ခိုင်ကျော်။

လူပျောက်

ဒေါ်ဂျက်စီ အသက်(၇၂)နှစ် အဖ ဦးထေဖိုး၏သမီးသည် ၁၃-၃-၂၀၁၀ရက် (စနေနေ့)တွင် အမှတ်၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်း၊ သတ္တမနေ့ဥပုသ်အသင်းဓမ္မဆရာ နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် အမြန်ဆုံးအကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

ဦးစောဝေလ်ဆင်ဖိုး(သင်းအုပ်ဆရာ)
ဖုန်း-၅၇၈၈၇၄။

မီး သတိပြု

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ န၀မအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမြတ်ကျော် ဖုန်း-၅၆၆၆၁၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဦးလှထွန်း (DBE-1) ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန်(DBE-2) ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင်(DBE-3) ဖုန်း-၂၁၂၉၆၉/၃၀၆၊ ဒေါ်အေးအေးစိုး(DEPT) ဖုန်း-၀၆၇-၄၀၇၃၉၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးစိန်သွေး ဖုန်း-၅၆၁၅၆၅၊ ဦးကျော်ဒွေး၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဒေါ်အေးသန္တာဦး ဖုန်း-၆၃၇၄၈၀၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆တို့ထံသို့လည်းကောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများမှတစ်ဆင့် ဧပြီ ၂၅ရက် နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက် ရေရရှိရေးအတွက် ပန်းတောကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး(ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဦး(အင်ဂျင်နီယာမှူး)တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၁၄

ယနေ့နံနက် ဂရီနစ်ချ်စံတော်ချိန် ၃၄ မိနစ် ၅၀ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၆၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ကီပူလာအူရမ်အိုဘီဒေသ အင်ဒိုနီးရှားနိုင်ငံကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လူမှုဒုက္ခ ဝေးလိုက စည်ပမီးဘေး ကာကွယ်ပေး

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင် ပေးလျက်ရှိပါသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် (မြောက်ပိုင်း) ပေါင်းကူးဆက်သွယ်ပေးသည့် ဒုဋ္ဌဝတီတံတား (နောင်ချို)

သတင်းမှတ်စု-တင်မာဝင်းနှင့်မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နောင်လာနောက်သား မျိုးဆက်သစ်များ အကျိုးရှိစေရေးအတွက်ပါ အခြေခံကောင်းဖြစ်စေမည့် စီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်လျက်ရှိရာ နယ်မြေဒေသအသီးသီး၏ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမှာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●